ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ တနင်္လာနေ့၊ (29-8-2011)(၉၆၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပညာပေးစိုက်ခင်းနှင့် သုတေသနစိုက်ခင်းများ ကြည့်ရှုအားပေး စပါးစိုက်ပျိုးရေးသုတေသနလုပ်ငန်းများ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ကြိုးပမ်းရန် မှာကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဇေယျာသီရိမြို့နယ် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် အထူးအထွက်တိုးစပါးမျိုးစေ့ထုတ် ဧက ၁၀၀ သုတေသနစိုက်ခင်း၌ ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ စိုက်ပျိုးရေးပညာရှင်များအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး ဖိုးနီကြီးကွင်း ဟက်တာ (၂၀) စက်မှုလယ်ယာစနစ် ပညာပေးစိုက်ခင်းသို့ ရောက်ရှိရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ဂျွန်ဒီယားထွန်စက်ကြီးငါးစီး၊ လက်တွန်းထွန်စက်အစီး ၂၀ နှင့် မြေညှိစက်တစ်စီးတို့ကို အသုံးပြုပြီး ခေတ်မီမြေပြုပြင်စက်ကိရိယာများဖြင့် ၂ ဒသမ ၄၇ ဧကနှင့် ညီမျှသော တစ်ဟက်တာကွက် စုစုပေါင်း အကွက် ၂၀ ဖော်ထုတ် အကောင်အထည်ဖော်နေမှုနှင့် ဩဂုတ်လကုန်အပြီး အကောင်အထည်ဖော်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်ယန္တရားကြီးများဖြင့် အသုံးပြု မြေပြုပြင်ခြင်းကုန်ကျစရိတ်၊ စက်သုံးဆီအပါအဝင် မှတ်တမ်းထားရှိရန်၊ မိုးစပါးကိုရာသီအချိန်မီ စက်တင်ဘာလအပြီး စိုက်ပျိုး အကောင်အထည်ဖော်ရန် မှာကြားသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုး စပါးဧက **စာမျက်နှာ ၃ ကော်လံ ၃ သို့** ☆

ရထားလမ်းများတွင် လဲလှယ်တပ်ဆင်ရန်နှင့် ရထားလမ်းသစ်များတွင် အသုံးပြုရန် ကွန်ကရစ်ဇလီဖားတုံးစက်ရုံသုံးရုံ ထပ်မံတည်ဆောက်မည်

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတစ်ဝန်းရှိ ရထားသံလမ်းများတစ်လျှောက် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင်ရန်နှင့် ဖောက်လုပ်ဆဲ ရထားလမ်းသစ်များအတွက် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံး ထုတ်လုပ်သည့်စက်ရုံ သုံးရုံကို ဗန်းမော်၊ သီပေါနှင့် နမ့်စန်မြို့တို့တွင် ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခင်က တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ကွန်ကရစ်ဇလီဖားတုံးစက်ရုံ ငါးရုံအပြင် စက်ရုံခြောက်ရုံ ထပ်မံတည်ဆောက်သွားရန် စီစဉ်ခဲ့ရာတွင် စုစုပေါင်း ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံး စက်ရုံ ၁၁ ရုံအထိ ရှိလာမည်ဖြစ်ပြီး ယင်းစက်ရုံများမှ တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံး ၂၂ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်ဟု သိရသည်။

တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံးထုတ်လုပ်သည့် စက်ရုံများမှာ မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့တွင် တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံး သုံးသိန်းထွက်သည့် စက်ရုံတစ်ရုံ၊ မွန်ပြည်နယ် မုတ္တမမြို့တွင် တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံး နှစ်သိန်းထွက်သည့် စက်ရုံတစ်ရုံ၊ ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့တွင် တစ်နှစ်တစ်သိန်းထွက် စက်ရုံတစ်ရုံနှင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေး စိုက်ပျိုးရေးသိပ္ပံကျောင်းနှစ်ကျောင်း တိုးချဲ့ဖွင့်လှစ်မည်

နေပြည်တော် ဩဂုတ် ၂၈

စိုက်ပျိုးရေးသိပ္ပံကျောင်း နှစ်ကျောင်းကို အောင်ပန်းမြို့နှင့် မြိတ်မြို့တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးအခြေပြု နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးသိပ္ပံကျောင်းများကို ပျဉ်းမနား၊ ရွှေဘို၊ ပွင့်ဖြူ၊ ပုသိမ်ကြီး၊ သထုံ၊ မြောင်းမြနှင့် သာယာဝတီတို့တွင် ဖွင့်လှစ်ထားပြီးဖြစ်ရာ ထပ်မံဖွင့်လှစ်မည့် ကျောင်းနှစ်ကျောင်း အပါအဝင် စိုက်ပျိုးရေးသိပ္ပံကျောင်း ကိုးကျောင်းထိ ရှိလာမည်ဖြစ်သည်။

စိုက်ပျိုးရေးဒီပလိုမာလက်မှတ်များ ပေးအပ်သော စိုက်ပျိုးရေးသိပ္ပံကျောင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ထားခြင်းအပြင် စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)၏ ကျောင်းခွဲများကိုလည်း မကွေး၊ ဖြူး၊ ဖားအောက်၊ ကျောက်ဆည်၊ လှည်းကူး၊ မော်ဘီနှင့် အောင်ပန်းတို့တွင်လည်း ဖွင့်လှစ်ပေးထားသည်။ စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်သည့်အတွက် သိပ္ပံနည်းကျစိုက်ပျိုးရေး၊ အသိပညာ၊ နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားနိုင်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ (၀၀၁)

ပေါင်းဆန်များ ပြည်ပသို့ တင်ပို့ရန် ပြင်ဆင် (သတင်း) စာမျက်နှာ - ၇



ချယ်လ်ဆီးနှင့် အာဆင်နယ် ကစားသမားသစ်ခေါ်ယူ (သတင်း) စာမျက်နှာ - ၁၀

ကမ္ဘာမြေနှင့်အနီးဆုံးကြယ် ပေါက်ကွဲမှုဖြစ်စဉ် သိပ္ပံပညာရှင်များ တွေ့ရှိခဲ့ (သတင်း) စာမျက်နှာ - ၄

၂၉-၈-၂၀၁၁
(တနင်္လာနေ့)

ကူးစက်မဟုတ်သည့် နာတာရှည်ရောဂါ

၁၀ စုနှစ် တစ်ခုအတွင်း သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးချို၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် ကင်ဆာရောဂါကဲ့သို့သော နာတာရှည်ရောဂါများဖြစ်ပွားမှု မြင့်တက်လာကြောင်း သိရသည်။ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်သာမက နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပါ နှောင့်နှေးစေနိုင်ကြောင်း ရှုမြင်ရသည်။

လူတစ်ဦးမှ တစ်ဦးသို့ ရောဂါပိုးကြောင့် ကူးစက်ခြင်းမဟုတ်ဘဲ ကျန်းမာရေးနှင့် မညီညွတ်သော လူ့ဘဝနေထိုင်မှုပုံစံများတွင် နေထိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါအစုအဝေးများဖြစ်၍ ကူးစက်မဟုတ်သော နာတာရှည်ရောဂါများဟု ခေါ်ဆိုခြင်းဖြစ်သည်။ ယခင်က အဆိုပါရောဂါများသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၌သာ အဖြစ်များပြီး အသက်အရွယ်ကြီးရင့်သူများ၌သာ ဖြစ်ပွားတတ်သည်။

ယခုအခါ ကူးစက်မဟုတ်သည့် နာတာရှည်ရောဂါများဖြစ်သည့် သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးချို၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အဖြစ်များလာကာ ဆင်းရဲချမ်းသာ အသက်အရွယ်မရွေး ဖြစ်ပွားနေကြောင်း သိရသည်။ အထူးသဖြင့် ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော အစားအသောက်များ စားသုံးမှုများခြင်း၊ ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ရှားမှု နည်းပါးခြင်းတို့သည် ရောဂါဖြစ်ပွားခြင်း၏ အကြောင်းတရားများဖြစ်သည်။

ကမ္ဘာပေါ်တွင် သေဆုံးမှုစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းသည် ကူးစက်မဟုတ်သည့် နာတာရှည်ရောဂါများကြောင့် ဖြစ်သည်။ ထို့အပြင် သေဆုံးမှု၏ ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများထက် အသက်ငယ်ရွယ်သူများဖြစ်လာကြောင်း တွေ့ရှိရသည်။ ၂၀၂၀ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကူးစက်မဟုတ်သောရောဂါများ ဖြစ်ပွားမှုနှုန်းသည် ကူးစက်ရောဂါများ၊ မိခင်နှင့်ကလေး ရောဂါများထက် သုံးဆခန့်ဖြစ်လာနိုင်ကြောင်း မှန်းဆကြသည်။

မြန်မာနိုင်ငံတွင် ကူးစက်မဟုတ်သည့်နာတာရှည်ရောဂါဖြစ်ပွားမှုသည် တစ်နှစ်လျှင် နှစ်ရာခိုင်နှုန်းခန့် မြင့်တက်လျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် (၄၅) နှစ်မှ (၆၀)အရွယ်၊ လူလတ်ပိုင်းအရွယ်များ၌ ဖြစ်ပွားမှုကြောင့် သက်တမ်းစေ့မနေနိုင်ဘဲ အသက် (၆၀) အောက်စော၍ သေဆုံးလာကြသည်ကို တွေ့နေရပြီ ဖြစ်သည်။

ဆီးချို၊ သွေးချို၊ နှလုံး စသည့်ရောဂါတို့သည် အသက်(၄၀)မှ (၆၀)အတွင်း ဖြစ်ပွားမှုရှိလာသည့်အပြင် ဆယ်ကျော်သက်လူငယ်များ၌ပါ ရောဂါဖြစ်ပွားလာကြသည်။ ပြည်သူများအနေဖြင့် ဆီးချိုရောဂါလက္ခဏာများ ခံစားတွေ့ရှိလာပါက ထိရောက်သောကုသမှုခံယူခြင်း၊ အဝမလွန်စေရန် မျှတသော လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ဆေးလိပ်နှင့် အရက်သောက်သုံးမှု ရှောင်ကြဉ်ခြင်း၊ အဆီအအိမ့်များသော အစားအစာများရှောင်ရှား၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးခြင်းတို့ဖြင့် အသက်ရှည်ကျန်းမာရေး အလေးထား နေထိုင်စားသောက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ ကွမ်းခြံကုန်းမြို့နယ် တော်ကူးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအထက်တန်းကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲသို့ ဒုတိယဝန်ကြီး ဦးအေးကြူ တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၈

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူသည် ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ကူးစံပြကျေးရွာ၌ ကျင်းပသည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်မှ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးပြီး ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ ကျောင်းအကျိုးတော်ဆောင်တစ်ဦးတို့နှင့်အတူ အခြေခံပညာအထက်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်လှိုင်က စာရေးခုံနှင့် ထိုင်ခုံများကိုလည်းကောင်း၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီးနှင့်အတူ ကော့မှူးမြို့နယ် ကျုံဒရယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်လှိုင်က စာသင်ခုံနှင့် ထိုင်ခုံများကိုလည်းကောင်း၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၂၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပညာရေးမှူးရုံးနှင့် ဖျာပုံခရိုင် ပညာရေးမှူးရုံးတို့၌ ခရိုင်ပညာရေးမှူး၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့မှ ကျောင်းအုပ်ကြီးများအားလည်းကောင်း တွေ့ဆုံခဲ့သည်။

(သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

ကယားပြည်နယ် ဘောလခဲမြို့ ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်လင်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုနှင့်စပ်လျဉ်း၍ ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ဟောပြောပြီး အသက်ငါးနှစ်အောက် ကလေးသူငယ်များအား ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားတိုးဆေးဖြန့်ဝေပေးခြင်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဂုဏ်ပြုစာစီစာကုံးပြိုင်ပွဲနှင့် စံပြမိခင်ဆု ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၈-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၆၀၀	၀. ၀၃၃၃၈
တရုတ် (ယွမ်)	၆. ၃၈၇၆၀	၀. ၁၅၆၅၅
အိန္ဒိယ (ရူပီး)	၄၆. ၁၆၀၀	၀. ၀၂၁၆၆
မလေးရှား (ရင်းဂစ်)	၂. ၉၈၇၅၀	၀. ၃၃၄၇၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၂၈၅	၀. ၈၃၁၃၆
ဂျပန် (ယန်း)	၇၆. ၇၀၀၀	၀. ၀၁၃၀၄
တောင်ကိုရီးယား(ဝမ်)	၁၀၇၇. ၄၄	၀. ၀၀၀၉၃
ယူရို	၀. ၆၈၉၈၅	၁. ၄၄၉၅၉
ဗြိတိသျှ (ပေါင်)	၀. ၆၁၁၆၄	၁. ၆၃၄၉၆

အင်တာနက်။

မနက်ဖြန်ညနေထိ ခန့်မှန်းချက်

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်ကျဉ်း

၂၉-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ တရားတော်
၇း၃၀ ၂။ မြန်မာ့ရှုခင်း
၈း၀၀ ၃။ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၁၅ ၁။ စိုက်ပျိုးသုတ
၄း၂၅ ၂။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၀ ၃။ ပညာပေးဇာတ်လမ်းတို -လှေကားသုံးထစ် ဆင်းတဲ့အခါ
၄း၃၅ ၄။ ဗွီစီဒီကျော်ကြားတေး
၄း၅၀ ၅။ သန့်စွာကိုင်လေ စက္ကူငွေ
၅း၀၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၃၁)**
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၄၄)**
၈း၀၀ ၁၁။ မြဝတီရုပ်မြင် သံကြားသတင်း
၁၂။ နိုင်ငံတကာသတင်း
၁၃။ Talk of The Town
၁၄။ မေးမြန်းစူးစမ်း
၁၅။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၁၄)**
၁၇။ Mini Series

ဂျပန်ရုပ်ရှင်ပွဲတော် မန္တလေးတွင် ကျင်းပ

မန္တလေး ဩဂုတ် ၂၈

ဂျပန်ရုပ်ရှင်ပွဲတော်ကို မန္တလေးမြို့ရှိ ဝင်းလိုက်ရုံတွင် ဩဂုတ် ၂၇ ရက်မှစတင်ပြီး ကျင်းပကြောင်းသိရသည်။ **(အပေါ်ပုံ)** မန္တလေးမြို့တွင် ဂျပန်ရုပ်ရှင်ပွဲတော်ကို ဩဂုတ် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများကို ညနေ ၆ နာရီခွဲတွင် စတင်ပြသသည်။ ရုပ်ရှင်ဝါသနာအိုးများက ပွဲမစမီ နှစ်နာရီကြိုတင်ကာ ရုပ်ရှင်ရုံသို့ အရောက်သွားပြီး တစ်ဦးလျှင် လက်မှတ်နှစ်စောင်နှုန်းဖြင့် ဦးရာလူစနစ် ရယူကြသည်။ ပြသမည့်ဇာတ်ကားလေးကားအား အင်္ဂလိပ်စာတန်းထိုးဖြင့် ပြသသွားမည်ဖြစ်သည်။ ပြသမည့်ဇာတ်ကားများမှာ The Twilight Samurai၊ The Girl Who Leapt Through Time၊ Kamome Diner ဇာတ်ကားနှင့် The Bandage Club တို့ဖြစ်သည်။

ဆက်လက်၍ ဂျပန်ရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (၀၀၂)

အားကစားဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော်အားကစားဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေးနှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှု ကြီးကြပ်စစ်ဆေးရေးအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော် ပိတောက်အိမ်ရာနှင့် ချယ်ရီအိမ်ရာတို့ရှိ အားကစားဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာ၌ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းထားရှိမှု၊ ရေဆင်းမြောင်းများ ဆယ်ယူထားရှိမှု၊ နှစ်ရှည်ပင်၊ သီးပင်စားပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အိမ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရေဆင်းမြောင်းများ ရေစီးရေလာကောင်းစေရန် အစဉ်ဂရုစိုက်ဆောင်ရွက်သွားကြရေး မှာကြားခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အမက(၁၂) တွင် ဦးကျော်ကျော်အောင် - ဒေါ်သန္တာလွင်၊ သမီး ပထမတန်းကျောင်းသူ မစွမ်းထာနီနိုမိသားစုက ဩဂုတ် ၁၂ ရက်တွင် အာဟာရနို့ဆန်ပြုတ် တိုက်ကျွေးလှူဒါန်းစဉ်။ (ကြေးမုံ)

စိန်ဖူးတော်၊ ငှက်မြတ်နားတော် လှည့်လည် အပူဇော်ခံမည်

ရန်ကုန်　　ဩဂုတ်　၂၈

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့်အထိမ်းအမှတ် အခမ်းအနားကို တပေါင်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ရာ ထိုကာလအတွင်း ယခင်က တင်လှူခဲ့သည့် ရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဆံတော်ကြို စေတီများသို့ ပင့်ဆောင်ပူဇော်ခံရန် စီစဉ်ထားသည်။

၁၃၇၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက် (၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၈ရက်) မှစ၍ ရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ကွမ်းခြံကုန်းမြို့ရှိ ဆံတော်ကြို စေတီများဖြစ်ကြသော ဒေးတနော်စေတီတော်နှင့် အင်းဂလုံးစေတီတော်တို့သို့ စတင်ပင့်ဆောင်မည်ဖြစ်သည်။ ဆက်လက်၍ ကော့မှူးမြို့နယ်ရှိ ဆပုဂံစေတီတော်၊ ကျိုက်တဂိုးနွတ်စေတီတော်၊ ကျိုက်တဂိုးတွတ်စေတီတော်၊ ကျိုက်မွန်ထိုစေတီတော်၊ ကျိုက်ကော့မှူးစေတီတော်တို့သို့ လည်းကောင်း၊ တွံတေးမြို့နယ်ရှိ ဘုရားကြီးစေတီတော်နှင့် ရွှေဆံတော်စေတီတော်တို့သို့ လည်းကောင်း ပင့်ဆောင်မည်ဖြစ်ပြီး တစ်ညစီအပူဇော်ခံရန် စီစဉ်ထားသည်။ထိုမှတစ်ဆင့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ သုံးရက် အပူဇော်ခံမည်ဖြစ်သည်။

ရွှေတိဂုံစေတီတော်ကြီးတွင် တပေါင်းလပြည့်နေ့၌ သံဃာတော်အပါး ၂၆၀၀ တို့က စေတီတော်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ သစ်သီးများကပ်လှူကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ကာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရွှေတိဂုံစေတီတော်ရှိ မုခ်ဦး လေးခုတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ (စိုးမင်း-သတင်းစဉ်)

အနုပညာအရည်အသွေး မှတ်ကျောက်တင်နိုင်သူများကိုသာ မှန်မှန်ကန်ကန်မျှမျှတတ ရွေးချယ်ပေးစေလို

ရန်ကုန်　　ဩဂုတ်　၂၈

ယဉ်ကျေးမှုအနုပညာ သုခုမနယ်ပယ်တွင် နယ်နိမိတ်သတ်မှတ်ပြီး မိမိလူမျိုးနှင့် မကိုက်ညီသည့် တိုင်းတစ်ပါးယဉ်ကျေးမှုများအား ဝင်ခွင့်မပြုဘဲ လုပ်ဆောင်၍ရသည့် အခြေအနေမဟုတ်ခြင်းကြောင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှု ကိုယ်ခံအားကောင်းအောင် တည်ဆောက်သွားကြရန်လိုအပ်ကြောင်း၊ သို့အတွက် နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးနေခြင်းဖြစ်ကြောင်း၊ ပညာရှင်အကဲဖြတ်ဒိုင်များကလည်း ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲမထားဘဲ အနုပညာအရည်အသွေး မှတ်ကျောက်တင်နိုင်သူများကိုသာ မှန်မှန်ကန်ကန် မျှမျှတတ ရွေးချယ်ပေးစေလိုကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** အဖွင့်အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တေးသံရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် အထက(၂) လသာမှ ကျောင်းသူကလေးများက အဆို၊ အကများဖြင့် ကပြသီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

☆ပြည်ထောင်စုမှ

၄၀ စိုက်ခင်းအနီးသို့ရောက်ရှိပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စပ်မျိုးစပါး ထုတ်လုပ်ရာတွင် အဓိကထုတ်လုပ်သည့် အဖိုလိုင်း(R)လိုင်းတစ်ဟက်တာကွက်၌ သိပ္ပံနည်းကျသုတေသန စိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သုတေသနမှတ်တမ်း နေ့စဉ်ပြုစုထားရှိရန်နှင့် (R)လိုင်းတွင် တစ်ဟက်တာအထွက်နှုန်းအပါအဝင် ရေမြေရာသီဥတုနှင့် ကိုက်ညီမှု ရှိ၊ မရှိ စရိုက်လက္ခဏာများကို စနစ်တကျ မှတ်တမ်းပြုစုထိမ်းသိမ်းရန် မှာကြားသည်။

ထိုမှတစ်ဆင့် အထူးအထွက်တိုး စံပြဇကေ ၄၀ စိုက်ခင်းသို့ ရောက်ရှိ၍ စိုက်ခင်းတာဝန်ခံ ဒေါက်တာစန်းစန်းဝင်းက သက်တမ်း ၇၃ ရက်ရှိ စပါးစိုက်ခင်းမှ အနှံများ စတင်ထွက်ရှိနေသည်ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တောင်သူပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်မှာကြားပြီး စိုက်ခင်းအတွင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ကြာပင်ကျေးရွာအုပ်စု အောင်သုခ ကျေးရွာ တောင်သူဦးကြီး ဦးစိုးတင့်နှင့် ကိုးဦးတို့၏ တောင်သူပညာပေး သိပ္ပံနည်းကျ ဇကေ ၃၀ စိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သို့ ရောက်ရှိရာ ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်နှင့် ဆရာ၊ ဆရာမများက အထူးအထွက်တိုး စပါးမျိုးစေ့ထုတ် ဇကေ ၁၀၀ သုတေသန စိုက်ခင်းအတွင်း အဖိုလိုင်း R-1, R-2 များ စိုက်ပျိုးဆောင်ရွက်ပြီးစီးမှုနှင့် အမလိုင်း A လိုင်းများ ပျိုးထောင်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးသည် R လိုင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဇကေ ၁၀၀ စိုက်ခင်း အမလိုင်း A လိုင်းပျိုးခင်း၌ စိုက်ပျိုးရေးပညာရှင် ပါရဂူဘွဲ့ရ ၁၅ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၁၆ ဦး၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၀ ဦး စုစုပေါင်းပညာရှင် ၄၁ ဦးတို့အား တွေ့ဆုံပြီး မိမိနိုင်ငံ၏ စပါးစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများတွင် စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပညာရှင် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်မှန်းချက်ကြီးမားစွာ ထားရှိဆောင်ရွက်ကြရန်နှင့် စပ်မျိုးစပါးသုတေသန ဇကေ ၁၀၀ စိုက်ခင်း၏ အတွေ့အကြုံများကို စပ်မျိုးစပါးထုတ်လုပ်ရေးနည်းပညာပေး ကျမ်းစာ တစ်စောင် (Thesis) အဖြစ် ပြည့်စုံအောင် နေ့စဉ်မှတ်တမ်း၊ ဓာတ်ပုံမှတ်တမ်း၊ ပညာရှင်များ၏ တွေ့ရှိချက်မှတ်တမ်းများဖြင့် စနစ်တကျ ခိုင်ခံ့စွာရေးသားပြုစုသွားရန် ဆွေးနွေးမှာကြားကာ စိုက်ခင်းအတွင်း ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

လသာမြို့နယ် (၂၉)လမ်းနေ ဦးလှထွန်း (လှထွန်း-တွံတေး)-ဒေါ်ညွန့်ညွန့်သန်း သားသမီးမြေးများ မိသားစုက ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးတင်ရှိန်၊ ဦးကြည်-ဒေါ်ကျင်ရီ၊ သားကြီး ဦးမျိုးမင်းထွန်း (၇)နှစ်ပြည့်၊ သားငယ် ဒေါက်တာအောင်ဇော်ထွန်း (၁)နှစ်ပြည့်တို့အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။ (ကြေးမုံ)

သစ်တောသစ်ပင်ဒို့ချစ်ခင် အစဉ်စိုက်ပျိုးအလှတိုး

ဌာနတွင်း ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန်　　ဩဂုတ်　၂၈

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓာတုဗေဒ စစ်ဆေးရေးဌာန ဌာနတွင်းပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မော်ကွန်းတိုက်လမ်းရှိ ဓာတုဗေဒ စစ်ဆေးရေးဌာနခွဲ (ရန်ကုန်)၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ဓာတုဗေဒစစ်ဆေးရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမျိုးအောင်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

အပြန်အလှန်ဆွေးနွေး

ယင်းနောက် နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးရှိ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲများမှ ဦးစီးအရာရှိများနှင့် ဓာတ်ခွဲလက်ထောက်များက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ စမ်းသပ်စစ်ဆေးမှု နည်းပညာများကို တင်ပြကြပြီး တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြသည်။ (သတင်းစဉ်)

ကျန်းမာရေးရာ သိကောင်းစရာ
သတိပြုသင့်သော အီး-ကိုလိုင် ပိုး

Escherichia coil 0104: H4 bacteria outbreak ခေါ် အီး-ကိုလိုင်အမည်ရှိ ဗက်တီးရီးယားပိုးတစ်မျိုးကြောင့် အသီးအနှံများမှတစ်ဆင့် စားသုံးသူများကို ရောဂါပျံ့နှံ့ခဲ့မှု ယခု ၂၀၁၁ ခုနှစ် မေလအတွင်းက ဂျာမနီနိုင်ငံမှာ စတင်ဖြစ်ပွားခဲ့ပါတယ်။ E-Coil (အီး-ကိုလိုင်)လို့ခေါ်လေ့ရှိတဲ့ ဗက်တီးရီးယားဟာ ဒီရောဂါရဲ့ တရားခံအဖြစ် သတ်မှတ်ကြပါတယ်။ ဒီဗက်တီးရီးယားပိုးမျိုးကို enterohemorrhagic E-Coil(EHEC) ဗက်တီးရီးယားလို့ခေါ်ပြီး ပြင်းထန်သော ကျောက်ကပ်ထိခိုက်ပျက်စီးမှု Hemolytic-uremic syndrome(HUS) ဖြစ်ပွားစေတတ်ကာ အသက်အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိရပါတယ်။

ဂျာမနီနိုင်ငံရဲ့ စိုက်ပျိုးရေးဝန်ကြီးဌာနကတော့ Organic Farm in Bieneniittel, Lower Saxony ခေါ် သဘာဝနည်းဖြင့် စိုက်ပျိုးတဲ့ ယာခင်းမှထွက်တဲ့ sprouted foods ခေါ် ပဲပင်ပေါက်၊ သခွား၊ ဆလတ်ရွက်တို့မှတစ်ဆင့် ကူးစက်နိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒီစိုက်ပျိုးခင်းကိုလည်း ပိတ်ထားခဲ့ပါတယ်။ Lower Saxony မှာရှိတဲ့ ဓာတ်ခွဲခန်းတွေရဲ့စစ်ဆေးမှုမှာ E-Coil ပိုးကို မတွေ့ရပေမယ့် နောက်ပိုင်း North Rhine-Westphalia မှာရှိတဲ့ ဓာတ်ခွဲခန်းရဲ့ စစ်ဆေးချက်အရ ပဲပင်ပေါက်အပင်များ ထုပ်ပိုးထားတဲ့နေရာမှာ ပိုးတွေကို တွေ့ရကြောင်း ဆိုပါတယ်။ ဒီရောဂါပိုးရဲ့ ကူးစက်ပျံ့နှံ့မှုကို တင်းကျပ်စွာ စစ်ဆေးဆောင်ရွက်ခဲ့ကြပါတယ်။ စတင်ဖြစ်ပွားရာ ဂျာမနီနိုင်ငံမှာ ၁၃-၆-၂၀၁၁ ရက်အထိ ရောဂါဖြစ်ပွားသူ ၃၂၂၈ ဦး၊ သေဆုံးသူ ၃၅ ဦး ရှိတယ်လို့ဆိုပါတယ်။ ဆွစ်ဇာလန်၊ ပိုလန်၊ နယ်သာလန်၊ ဆွီဒင်၊ ဒိန်းမတ်၊ ယူကေ စတဲ့ ဥရောပအဖွဲ့ဝင် နိုင်ငံများမှာလည်း ဖြစ်ပွားခဲ့ပါတယ်။

ဒီရောဂါပိုးဟာ Escherichia coli, serotype 0104 အမျိုးအစားဖြစ်ပြီး စပိန်နိုင်ငံမှ တင်သွင်းလာတဲ့ သခွားသီးများမှ စတင်ပါဝင်လာတယ်လို့ အငြင်းပွားခဲ့ကြပါသေးတယ်။ ဒါပေမယ့် သေချာစွာ စစ်ဆေးတော့ မဟုတ်ကြောင်း သိရပါတယ်။ ဒီဗက်တီးရီးယားပိုးများဟာ ပဲပင်ပေါက်၊ သခွား၊ ဆလတ်နဲ့ အခြားသီးနှံဟင်းရွက်များပေါ်မှာ ခိုကပ်နေပြီး ထိတွေ့ကိုင်တွယ်စားသုံးရာမှ လူ့ခန္ဓာကိုယ်အတွင်း ရောက်သွားတာဖြစ်ပါတယ်။ ရောဂါပျိုးရက် Incubation Period ကတော့ သုံးရက်မှ လေးရက်(အချို့ခုနစ်ရက်) ခန့်ရှိပါတယ်။ E-Coli (အီး-ကိုလိုင်)ပိုးကို food poisioning အစာအဆိပ်သင့်ခြင်းဖြစ်စေတဲ့ပိုးလို့လည်း ပညာရှင်များ သိထားကြပါတယ်။ ဒီပိုးတွေဟာ များသောအားဖြင့် animal waste တိရစ္ဆာန်များရဲ့ အညစ်အကြေးများမှာ တွေ့ရတတ်ပါတယ်။ European Centre for Disease Prevention and Control ဥရောပယူနီယံ ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာနက အခုဖြစ်ပွားတဲ့ အီး-ကိုလိုင်ပိုးကို Shiga Toxin-Producing Escherichia Coli(STEC) ပိုးဖြစ်ကြောင်း၊ STEC ပိုးသည် ရှားပါးကြောင်း၊ မသန့်ရှင်းသော အစားအစာများသည် ရောဂါပိုးသယ်ဆောင်ရာယာဉ်များသဖွယ်ဖြစ်ကြောင်း ပြောကြားပါတယ်။ တရုတ်သိပ္ပံပညာရှင်များက လေ့လာရာမှ ဒီဗက်တီးရီးယားပိုးသည် ပဋိဇီဝဆေးများစွာကို အန်တုနိုင်တဲ့ ဂျင်း(န်)ဗီဇများစွာ သယ်ဆောင်ထားကြောင်း၊ ကူးစက်လွယ်ပြီး အဆိပ်လည်းပြင်းထန်ကြောင်း ပြောကြားကြပါတယ်။

ဒီ E-Coli ပိုးပြန့်ပွားမှုဟာ ၁၉၉၆ ခုနှစ်က ဂျပန်နိုင်ငံမှာဖြစ်ပွားခဲ့ရာ လူ ၉၀၀၀ ကျော် ကူးစက်ခံရပြီး လူ ၁၂ ဦး သေဆုံးခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်ကတော့ ကနေဒါနိုင်ငံမှာ ဖြစ်ခဲ့ပြီး လူခုနစ်ဦး သေဆုံးခဲ့ပါတယ်။ ယခု ဖြစ်ပွားမှုဟာ ကမ္ဘာ့သမိုင်းမှာ တတိယအကြီးဆုံးဖြစ်ပွားမှုလို့ သိရပါတယ်။ ၁၅-၆-၂၀၁၁ ရက်အထိ အီးယူ ၁၂ နိုင်ငံမှာ သေဆုံးသူ ၃၇ ဦး၊ HUS ကျောက်ကပ်ပျက်စီးသူ ၈၂၁ ဦး၊ Non-HUS ကျောက်ကပ်မထိခိုက်သူ ၂၅၃၀ ရှိခဲ့ပါတယ်။ ကနေဒါနိုင်ငံမှာ လူပေါင်း ၅၀၊ ဆွစ်ဇာလန်နိုင်ငံမှာ လူသုံးဦး၊ အမေရိကန်ပြည်ထောင်စုမှာ လေးဦးဖြစ်ပွားပြီး သေဆုံးသူမရှိလို့ သိရပါတယ်။ (ထိုဖြစ်ပွားသူများဟာ Confirmed အတည်ပြုခံရပြီးသူများ ဖြစ်ကြပါတယ်။)

Food poisioning ခေါ် ဗက်တီးရီးယားပိုးတစ်မျိုးကြောင့် အစာအဆိပ်သင့်ပြီဆိုရင် အောက်ပါလက္ခဏာများကို တွေ့နိုင်တာမို့ သတိပြုသင့်ပါတယ်-

- *အန်ခြင်း-နှစ်ရက်ထက်ပိုဖြစ်တတ်ပါတယ်။*
- *တစ်ရက်ကျော်ကြာအောင် အရည်တစ်ခုခုကို သောက်လိုက်တာနဲ့ ပြန်အန်ထွက်တတ်ပါတယ်။*
- *ဝမ်းလျှောမှုသည် သုံးရက်ထက်ပိုပြီး ဖြစ်တတ်ပါတယ်။*
- *အချို့မှာ တက်ခြင်း၊ စကားထစ်ခြင်း/လေးခြင်း၊ double vision နှစ်ထပ်မြင် ဖြစ်နေခြင်း ဖြစ်တတ်ပါတယ်။*
- *Dehydration အရည်နှင့် ဆားဓာတ်လျော့နည်းခြင်းလက္ခဏာများ- ဥပမာ၊ အာခေါင်ခြောက်ခြင်း၊ sunken eyes ခေါ် မျက်တွင်းချိုင့်ဝင်လာခြင်း၊ ဆီးမသွားခြင်း၊ အရေပြားများခြောက်ပြီး ရှုံ့လာခြင်း စသည်တို့ ဖြစ်တတ်ပါတယ်။ ဒီလိုလက္ခဏာမျိုးတွေ့ရင် ဆရာဝန်နဲ့ အမြန်ပြသဖို့လိုပါပြီ။ အခုဖြစ်ပေါ်တဲ့ STEC ပိုးကတော့ ဗိုက်နာပြီး ဝမ်းသွားလေ့ရှိကြောင်း သိရပါတယ်။ ထူးခြားတာက ဖော်ပြထားသော hemolytic uremic syndrome(HUS) ခေါ် ကျောက်ကပ် သွေးယိုစီးပျက်စီးမှု ဖြစ်စေတတ်ပါတယ်။ Verocytotoxin ခေါ် အဆိပ်ကို ဗက်တီးရီးယားပိုးက ထုတ်လုပ်ပြီး အဲဒီအဆိပ်ကြောင့်ဖြစ်နိုင်ကြောင်းသိရပါတယ်။ ဒီအဆိပ်ဟာ ကျောက်ကပ်သာမက သွေးနဲ့ အာရုံကြောစနစ်များကိုပါ ထိခိုက်စေနိုင်ကြောင်းလည်း သိရပါတယ်။ ဒီ HUS ဖြစ်ရင် အချိန်မီ ဆေးရုံတင်၊ စနစ်တကျကုသမှ ပျောက်ကင်းနိုင်ကြောင်းလည်း သိရပါတယ်။*

အစားအစာများကို ဘယ်လိုကူးစက်ပါသလဲ

E-Coli ပိုးဟာ များသောအားဖြင့် လူ့အူလမ်းကြောင်းမှာ ရှိနေပြီး အန္တရာယ် ပြုလေ့မရှိပါဘူး။ သို့သော် တိရစ္ဆာန်(သို့မဟုတ်) လူ့အညစ်အကြေးများမှာ ပါဝင်တဲ့ အချို့ E-Coli ပိုးများကို စားသုံးမိရင် အန္တရာယ်ပြုနိုင်တဲ့ ပိုးမွှား ဖြစ်သွားတတ်ပါတယ်။ မသန့်ရှင်းတဲ့ သီးနှံတွေ၊ မသန့်ရှင်းတဲ့ရေတွေ၊ မသန့်ရှင်းတဲ့ စိုက်ခင်းတွေ၊ မသန့်ရှင်းတဲ့ ကိုယ်တွယ်သယ်ပို့မှုတွေကတစ်ဆင့် ပျံ့နှံ့တတ်ပါတယ်။ သန့်စင်ခန်း ဝင်/ထွက်ပြီး လက်မဆေးဘဲ စားစရာကိုင်တွယ်ကာ အများသုံးနေရာတွေမှာ နေထိုင်ခဲ့ပြီး စားမယ့်အချိန် လက်မဆေး စတဲ့ အပြုအမူများကြောင့်လည်း ကူးစက်တတ်ပါတယ်။

မိမိကိုယ်ကို မည်သို့ ကာကွယ်မည်နည်း

- *သစ်သီး၊ ဟင်းသီးဟင်းရွက်များကို မစားမီ၊ မချက်ပြုတ်မီ ရေဖြင့် ကောင်းစွာ ဆေးကြောပါ။*
- *အခွံခွာပြီး စားခြင်း၊ ချက်ပြုတ်စားနိုင်သော ဟင်းသီးဟင်းရွက်တို့ကို ချက်ပြုတ်စားခြင်းတို့ဟာ ရောဂါပိုးမွှားများကို ကင်းစင်စေပါတယ်။*
- *တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။*
- *ကလေးငယ်များ၊ ကျောင်းသား၊ ကျောင်းသူများကို အစာစားခါနီး၊ သန့်စင်ခန်းသုံးအပြီးတို့မှာ ဆပ်ပြာရည်တို့ဖြင့် သေချာစွာ လက်ဆေးခြင်းကို ကြပ်မတ်ဆောင်ရွက်ပါ။*
- *Food Safety အစားအစာဘေးကင်းမှုဆိုင်ရာ ညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုလေ့လာပါ။*

အခုဖြစ်ပေါ်တဲ့ အီး-ကိုလိုင် ဗက်တီးရီးယား ကူးစက်ပျံ့နှံ့မှုဟာ အာရှတိုက်၊ အရှေ့တောင်အာရှဒေသများဆီကိုတော့ ရောက်ရှိတာ မတွေ့ရသေးပါဘူး။ ဇွန်လအတွင်းက ထိုင်းနိုင်ငံကို ဥရောပက တင်သွင်းလာတဲ့ ထောပတ်သီးအချို့မှာ E-Coli ပိုးတွေ့ရကြောင်း၊ သို့သော် ဂျာမနီမှာတွေ့ရတဲ့ပိုးနဲ့ အမျိုးအစားမတူကြောင်း သိရပါတယ်။ မည်သို့ဆိုစေ အများပြည်သူတို့အနေနဲ့ ခေတ်ကာလအခြေအနေအရ သိထားသင့်၊ သတိရှိသင့်၊ နိုးကြားစွာ ကာကွယ်ဖို့ အသင့်ပြင်ထားသင့်တာဖြစ်ကြောင်း သိစေလိုပါတယ်။ ။

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

ဒုတိယဝန်ကြီးချုပ်ဟောင်း တိုနီတန် စင်ကာပူသမ္မတရွေးကောက်ပွဲ၌ အနိုင်ရ

စင်ကာပူ ဩဂုတ် ၂၈

စင်ကာပူ ဒုတိယဝန်ကြီးချုပ်ဟောင်း တိုနီတန်သည် ပြိုင်ဘက်များအား နှာတစ်ဖျားအသာဖြင့် ကျော်ဖြတ်ကာ စင်ကာပူနိုင်ငံ၏ ခုနစ်ဦးမြောက်သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရပြီဖြစ်ကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အသက်(၇၁)နှစ်ရှိပြီဖြစ်သော တိုနီတန်သည် ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌ ဆန္ဒမဲ ၂ ဒသမ ၁ သန်းခန့်၏ ၃၅ ရာခိုင်နှုန်းကို ရရှိခဲ့ပြီး ပြိုင်ဘက် ပါလီမန်လွှတ်တော်အဖွဲ့ဝင်ဟောင်း တန်ချန်ဘော့စ်အား ၇,၂၆၉ မဲ အသာဖြင့် ကျော်ဖြတ်၍ စင်ကာပူနိုင်ငံ၏ သမ္မတရာထူး၌ တာဝန်ထမ်းဆောင်ခွင့်ရခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပြိုင်ဘက်သမ္မတလောင်းများအကြား ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ခြင်းကြောင့် စင်ကာပူနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတာဝန်ရှိသူများသည် ဆန္ဒမဲများအား ပြန်လည်ရေတွက်ခဲ့ပြီးမှသာ ရလဒ်ကို အတည်ပြုထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။

ပါလီမန်အစိုးရစနစ်ကျင့်သုံးသော စင်ကာပူနိုင်ငံ၌ ယခုရွေးကောက်ပွဲသည် ပြိုင်ဘက်သမ္မတလောင်းများအကြား အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသည့် ၁၉၉၃ ခုနှစ်နောက်ပိုင်း ပထမဆုံး ရွေးကောက်ပွဲလည်းဖြစ်သည်။

စင်ကာပူနိုင်ငံ သမ္မတရွေးကောက်ပွဲ၌ ဒုတိယဝန်ကြီးချုပ်ဟောင်း တိုနီတန်၊ ပါလီမန်အမတ်ဟောင်း တန်ချန်ဘော့ခ်တို့အပြင် အခြားသမ္မတလောင်းနှစ်ဦးလည်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

စင်ကာပူနိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရမည့် အသက်(၇၁)နှစ်အရွယ် တိုနီတန်။

စင်ကာပူနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ၏ အရန်တပ်ဖွဲ့များ အသုံးပြုခြင်းနှင့် ပြည်သူ့ဝန်ထမ်း ခန့်အပ်မှုအချို့တို့နှင့်ပတ်သက်၍ သမ္မတက ဗီတိုအာဏာသုံးစွဲခွင့်ရှိသည်။ **အင်တာနက်။**

ဆိုင်းနိုင်းကျွန်းဆွယ်ရှိ အယ်လ်အာရစ်ရှ်ဒေသ၌ လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော အီဂျစ်တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

ဆိုင်းနိုင်းကျွန်းဆွယ်၌ အီဂျစ်တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားရေး အစ္စရေးခွင့်ပြုနိုင်ဖွယ်ရှိ

ဂျေရုဆလင် ဩဂုတ် ၂၈

ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ တပ်ဖွဲ့ဝင်အင်အားတိုးမြှင့်ချထားရန် အီဂျစ်နိုင်ငံက တောင်းဆိုပါက ယင်းတောင်းဆိုချက်အား လုံခြုံရေးဆိုင်ရာ ကတ်ဘိနက်အဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ဆိုင်းနိုင်းဒေသမှ စိမ့်ဝင်လာသော လက်နက်ကိုင်များကြောင့် အစ္စရေးနှင့် အီဂျစ်နယ်စပ်၌ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရပြီး ၁၀ ရက်အကြာတွင် ကျင်းပသော အစ္စရေးဝန်ကြီးအဖွဲ့၏ အပတ်စဉ်အစည်းအဝေး စတင်ချိန်အတွင်း ဝန်ကြီးချုပ် နေတန်ယာဟု၏ မှတ်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

သို့ရာတွင် ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ တပ်ဖွဲ့ဝင်အရေအတွက် တိုးမြှင့်ချထားရေးကို အီဂျစ်အစိုးရက တောင်းဆိုခြင်းမရှိသကဲ့သို့ ယင်းသို့လုပ်ဆောင်ရန်လည်း အစီအစဉ်မရှိသေးကြောင်း အီဂျစ်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ချုပ်ဆိုခဲ့သော အီဂျစ်-အစ္စရေး ငြိမ်းချမ်းရေး သဘောတူညီချက်အရ ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ ဖြန့်ကြက်ရမည့် အီဂျစ်တပ်ဖွဲ့ဝင်အရေအတွက်ကို ကန့်သတ်ထားသည်။

ယခုနှစ်ဖေဖော်ဝါရီလမှစ၍ ဂျော်ဒန်နှင့် အစ္စရေးနိုင်ငံများသို့ ပေးပို့လျက်ရှိသော ဓာတ်ငွေ့ပိုက်လိုင်းများအား စစ်သွေးကြွများက မကြာခဏ တိုက်ခိုက်ဖောက်ခွဲလာမှုကို ကာကွယ်ရန်အတွက် ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်း၌ အီဂျစ်တပ်ဖွဲ့ဝင်များက စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ခဲ့သည်။

ယင်းစစ်ဆင်ရေးစတင်ပြီး ရက်ပေါင်းများစွာအကြာ၌ ဆိုင်းနိုင်းကျွန်းဆွယ်ဒေသအတွင်း တရားဥပဒေစိုးမိုးရေးအတွက် အီဂျစ်တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားရေးကို အစ္စရေးဝန်ကြီးချုပ်က မီးစိမ်းပြခဲ့ကြောင်း အစ္စရေးအသံလွှင့်ဌာနတစ်ခုက သတင်းထုတ်ပြန်ခဲ့ဖူးသည်။ **အင်တာနက်။**

ကမ္ဘာမြေနှင့် အနီးဆုံးကြယ် ပေါက်ကွဲမှုဖြစ်စဉ် သိပ္ပံပညာရှင်များ တွေ့ရှိခဲ့

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၈

၂၅ နှစ်တာ ကာလအတွင်း ကမ္ဘာမြေနှင့်အနီးဆုံးနေရာ၌ ဖြစ်ပေါ်ခဲ့သော ကြယ်ပေါက်ကွဲမှုဖြစ်စဉ် (Supernova) တစ်ရပ်ကို သိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

မကြာသေးမီကာလအတွင်း ကြယ်များ၏ ဖြစ်စဉ်များ လေ့လာသူများအနေဖြင့် အဆိုပါ ကြယ်ပေါက်ကွဲမှုဖြစ်စဉ်အား အားကောင်းသောမှန်ဘီလူးတစ်စုံ အသုံးပြုခြင်းဖြင့် ရက်သတ္တပတ်ပေါင်းများစွာ ရှုမြင်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ ကမ္ဘာမြေမှ အလင်းနှစ်ပေါင်း ၂၁ သန်းကွာဝေးသည့်နေရာရှိ နဂါးငွေ့တန်းကြယ်စုတစ်စုအတွင်း၌ အဆိုပါ ကြယ်ပေါက်ကွဲမှုဖြစ်စဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ၁၉၈၆ ခုနှစ် နောက်ပိုင်း ကမ္ဘာမြေနှင့် အနီးကပ်ဆုံး ဖြစ်ပေါ်ခဲ့သော ကြယ်ပေါက်ကွဲမှုဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂၃ ရက်တွင် စတင်ပေါ်ပေါက်ခဲ့သော အဆိုပါ ကြယ်ပေါက်ကွဲမှုဖြစ်စဉ်ကို ပီတီအက်ဖ်-၁၁ ကေအယ်လ်ဝိုင်ဟူ၍ အမည်ပေးထားပြီး ဖြစ်ပေါ်၍ နာရီအနည်းငယ်အတွင်းမှာပင် သိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပီတီအက်ဖ်-၁၁ ကေအယ်လ်ဝိုင် ကြယ်ပေါက်ကွဲမှုသည် အချိန်နှင့်အမျှ ပိုမိုတောက်ပလာကြောင်း သတင်းများတွင် ဖော်ပြထားသည်။

သိပ္ပံပညာရှင်များအတွက် နှစ်ပေါင်း ၇၀ ကျော် ခေါင်းခဲခဲ့ရသော ကြယ်ပေါက်ကွဲမှုဖြစ်စဉ်များ၏ ထူးထွေဆန်းပြားမှုအား ဖြေရှင်းရန် မိမိတို့အနေဖြင့် သဲလွန်စသစ်များ ရှာဖွေနေပြီဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့ကြသည်။

ပီတီအက်ဖ်-၁၁ ကေအယ်လ်ဝိုင် ကြယ်ပေါက်ကွဲမှုဖြစ်စဉ်ကို အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်မှ သိပ္ပံပညာရှင်များက စက်ရုပ်နည်းပညာသုံး တယ်လီစကုပ်အသုံးပြုကာ ထောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

အိုင်ရီးဟာရီကိန်းကြောင့် ရေလွှမ်းမိုးမှုပြဿနာနှင့် ကြုံရနိုင် အရှေ့ဘက်ကမ်းရိုးတန်းဒေသ၌ အနည်းဆုံး လူ ၁၄ ဦး သေဆုံးခဲ့

နယူးယောက် ဩဂုတ် ၂၈

မြောက်ကာရိုလိုင်းနားပြည်နယ်မှသည် နယူးဂျာစီပြည်နယ်များအထိ အိုင်ရီးဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်လျက်ရှိပြီး မြစ်ကြောင်းများအတွင်း မြစ်ရေများ မြင့်တက်လာခဲ့ရာ အမေရိကန်အရှေ့ဘက်ကမ်းရိုးတန်းဒေသတစ်ဝန်း၌ လာမည့်ရက်အနည်းငယ်အတွင်း ဆိုးရွားပြင်းထန်သော ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာမှုအရေးကို စိုးရိမ်ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းရိုးတန်းဒေသရှိ လူနေအိမ်နှင့် စီးပွားရေးလုပ်ငန်း ၄ ဒသမ ၅ သန်းကျော်တို့သည် အိုင်ရီးဟာရီကိန်းမုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရပြီး မုန်တိုင်းဒဏ်ကြောင့် အနည်းဆုံး လူ ၁၄ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အိုင်ရီးဟာရီကိန်းမုန်တိုင်းသည် အရှေ့မြောက်ကမ်းရိုးတန်းဒေသရှိ စမ်းချောင်းများနှင့် မြစ်များအကြား ဝင်ရောက်မည်ဖြစ်သောကြောင့် မိုးရွာသွန်းမှု မြင့်တက်လာသည်နှင့်အမျှ ရေလွှမ်းမိုးမှု ဖြစ်ပေါ်လာနိုင်ဖွယ်ရှိမှုကို သက်ဆိုင်ရာ အာဏာပိုင်များက သတိပေးထားသည်။

အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ကမ်းရိုးတန်းဒေသရှိ နေရာဒေသအများအပြား၌ ယင်းမုန်တိုင်းအရှိန်ကြောင့် မိုးရေချိန် ၆ လက်မမှ ၁၂ လက်မအထိ မိုးရွာသွန်းခဲ့ကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် နယူးယောက်မြို့တော်ဒေသများနှင့် နယူးအင်္ဂလန်ဒေသများ၌ တနင်္ဂနွေနေ့ နံနက်ပိုင်းအထိ တိုက်ခတ်နေဆဲဖြစ်သည်။ ယင်းမုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအဆင့်မှ လျော့ကျခဲ့သော်လည်း တစ်နာရီလျှင် ၆၅ မိုင်နှုန်းရှိသည့် လေတိုက်နှုန်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်စေခြင်းကြောင့် အန္တရာယ်ကြီးမားနေဆဲဖြစ်ကြောင်း သိရသည်။ **အင်တာနက်။**

အိုင်ရီးဟာရီကိန်းမုန်တိုင်းကြောင့် အမေရိကန်ပြည်ထောင်စု နယူးယောက်ဒေသ၌ ရေလှိုင်းများ တိုးဝင်ရိုက်ခတ်မှုကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ ခရီးသည်တင်ရထား တိုက်ခိုက်ခံရ ငါးဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် ဩဂုတ် ၂၈

ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ခရီးသည်တင် ရထားတစ်စင်းအား အမည်မသိလက်နက်ကိုင်များ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ခရီးသည်ငါးဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသန္တရရုပ်သံသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါရထားမှာ ကွတ်တာနှင့် ပက်ရှ်ဝါသို့ ခုတ်မောင်းပြေးဆွဲမည့် ခရီးသည်တင်ရထားဖြစ်ပြီး ဩဂုတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဘလူချီစတန်ပြည်နယ် ကွတ်တာမြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၆၀ အကွာရှိ မက်ဒေသ၌ ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သည်။

ဒဏ်ရာရသူအများစုမှာ စိုးရိမ်ဖွယ်အခြေအနေတွင်ရှိနေပြီး ပစ်ခတ်တိုက်ခိုက်မှုတွင် တာဝန်ရှိသည်ဟု မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားမှုမရှိသေးပေ။

အမ်အင်န်အေ၊ ဆင်ဟွာ။

အိန္ဒိယလွှတ်တော်အမတ်လေးဦး လာဘ်ယူမှုဖြင့် တရားစွဲခံရ

နယူးဒေလီ ဩဂုတ် ၂၈

အိန္ဒိယနိုင်ငံတွင် ၂၀၀၈ ခုနှစ်က ပါလီမန်အတွင်း၌ အရေးပါသောကိစ္စရပ်တစ်ခုကို မဲပေးဆုံးဖြတ်စဉ်က လာဘ်ပေးလာဘ်ယူအရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်ခဲ့ကြသည့် လွှတ်တော်အမတ်လေးဦးအား တရားစွဲဆိုထားကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဩဂုတ် ၂၄ ရက်က တရားစွဲဆိုခြင်းခံရသည့် အမာဆင်း၊ အာရှုတ် အာဂေါလ်၊ ဖက်ဂန်ဆင်းကူလပ်စ်တီနှင့် မဟာဗီယာဘာဂိုဒါတို့က ၎င်းတို့လာဘ်ယူခြင်းမရှိခဲ့ကြောင်း ငြင်းဆိုကြသည်။

မစ္စတာဆင်းသည် ထိုအချိန်က ကွန်ဂရက်အစိုးရ၏ မဟာမိတ်ဆိုရှယ်လစ်ပါတီမှဖြစ်၍ အခြားပုဂ္ဂိုလ်သုံးဦးမှာ အတိုက်အခံပါတီဖြစ်သော ဘီဂျေပီပါတီမှဖြစ်ကြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ချုပ်ဆိုခဲ့သော အငြင်းပွားဖွယ် နျူကလီးယားစာချုပ်ကို လွှတ်တော်၌ မဲပေးဆုံးဖြတ်ရာတွင် ထောက်ခံမဲပေးရန် ကွန်ဂရက်ပါတီအစိုးရက ၎င်းလွှတ်တော်အမတ်လေးဦးအား လာဘ်ထိုးခဲ့ကြောင်း ဝီကီလိခ်စ်ဝက်ဆိုက်က ဖော်ထုတ်လိုက်သည့်အတွက် ထိုလာဘ်ပေးလာဘ်ယူအရှုပ်တော်ပုံမှာ မတ်လအတွင်း၌ လူသိရှင်ကြား ပေါ်ပေါက်လာခဲ့သည်။

၎င်းလွှတ်တော်အမတ်လေးဦးသည် ၎င်းတို့၏ ထောက်ခံမဲအတွက် တစ်ဦးလျှင် ဒေါ်လာ ၂ ဒသမ ၅ သန်းစီ ရရှိခဲ့ကြကြောင်း အိန္ဒိယသတင်းစာတစ်စောင်က ဖွင့်ချခဲ့သည်။

အင်တာနက်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနား စစ်တွေမြို့၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

ရခိုင်ပြည်နယ် ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများအဖြစ် ဩဂုတ်လ ပထမရက်သတ္တပတ်တွင် မိခင်နို့တိုက်ကျွေးရေး၊ ဒုတိယရက်သတ္တပတ်တွင် ငါးနှစ်အောက် ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေး၊ တတိယရက်သတ္တပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးနှင့် စတုတ္ထရက်သတ္တပတ်တွင် အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ အောင်မြင်ရေးအတွက် နိုင်ငံသားတိုင်းက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းတို့နှင့်ပူးပေါင်းပြီး အားလုံးဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် ရခိုင်ပြည်နယ် ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားတွင် ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးစဉ်။ (သတင်းစဉ်)

ထို့နောက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်းနှင့် မိခင်နို့စနစ်တကျတိုက်ကျွေးရေး၊ ကလေးသူငယ်အာဟာရဖွံ့ဖြိုးမှုတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး ပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နုနုဇံနှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲ ဆုရရှိကြသူ ခုနစ်ဦးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်သည်တော်များက ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ၊ ဘီဝမ်းဆေးပြားများကို ဖြန့်ဝေပေးခဲ့ကြသည်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ် တွဲဖက်အထကကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် မြန်မာ့စီးပွားစီမံ အမှုဆောင်များအဖွဲ့(MBE) နှင့် CARITAS SWITZERLAND AND ASSOCIATES အဖွဲ့အစည်းများက လှူဒါန်းသော ဒေးဒရဲမြို့နယ် ဖိုးတုတ်ကျေးရွာ (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီးပညာရေးမှူး ဦးခွန်ကျော်မြင့်နှင့် မြန်မာ့စီးပွားစီမံ အမှုဆောင်များအသင်းဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကို တိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အထူးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကျောင်းများ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားအောင် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျောင်းဆောင်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းစောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မြန်မာ့စီးပွားစီမံအမှုဆောင်များ အသင်းဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး ပညာရေးမှူးထံ လွှဲပြောင်း ပေးအပ်သည်။

ဆက်လက်၍ MBE အသင်း အလုပ်အမှုဆောင် ဦးညွန့်လှိုင်က ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲအတွက် အလှူငွေကျပ်နှစ်သိန်းနှင့် ကျောင်းအတွက် ရေစုပ်စက်ဝယ်ယူအသုံးပြုရန် အလှူငွေကျပ်ငါးသိန်းတို့ကို ဖိုးတုတ်ကျေးရွာ အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ကွန်ကရစ်ဇလီဖားတုံး စက်ရုံ (ဥသျှစ်ပင်)မှ ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရစဉ်။

❖ တည်ဆောက်ပြီးမှ

ဥသျှစ်ပင်မြို့တွင် နှစ်သိန်းထွက် စက်ရုံတစ်ရုံ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် တစ်နှစ် ကွန်ကရစ်ဇလီဖားတုံး နှစ်သိန်းထွက် စက်ရုံတစ်ရုံ စုစုပေါင်း တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံး ၁၀ သိန်း ထွက်ရှိမည့် စက်ရုံငါးရုံ ပြီးစီးသွားပြီဖြစ်ပြီး ဆက်လက်၍ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၊ စစ်ကိုင်းတိုင်းတိုင်းဒေသကြီး ခင်ဦးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့တို့တွင် တစ်ရုံစီ ထပ်မံ တည်ဆောက်ခဲ့သည်။ ဆက်လက်၍ ကချင်ပြည်နယ် ဗန်းမော်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် နမ့်စန်မြို့တို့တွင် စက်ရုံသုံးရုံ ထပ်မံ တည်ဆောက်သွားမည်ဖြစ်ရာ စုစုပေါင်း စက်ရုံ ၁၁ ရုံထိ ရှိလာမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ဖောက်လုပ်ဆဲ ရထားလမ်းမကြီး ခရီးမိုင် ၁၉၄၄ မိုင်ရှိပြီး သံလမ်းမိုင်အားဖြင့် ၆၇၄၃ မိုင် ရှိလာမည်ဟု သိရသည်။

ရထားသံလမ်းတစ်မိုင်လျှင် ဇလီဖားတုံး ၁၄၄၈ တုံး ခင်းကျင်းသွားရမည်ဖြစ်ရာ သံလမ်းမိုင်ပေါင်း ၆၇၃၄ အတွက် ဇလီဖားတုံးပေါင်း ၁၆၅၀၆၈၆၄ တုံး လိုအပ်မည်ဟု သိရသည်။ သစ်သားဇလီဖားတုံး၏ ခံနိုင်ရည်မှာ ငါးနှစ်ဖြစ်၍ ရထားလမ်းများ တောင့်တင်းခိုင်မာနေရန် ငါးနှစ်တစ်ကြိမ် အဟောင်းနှင့် အသစ်လဲလှယ်နေရမည်ဖြစ်သလို ယင်းသို့ လဲလှယ်အသုံးပြုပါကလည်း တစ်နှစ်လျှင် ဇလီဖားတုံး ၃၃၀၁၃၇၀ လိုအပ်မည်ဟု သိရသည်။ ယင်းသို့လဲလှယ်ရန်အတွက်လည်း သစ်လုံးများကို ခွဲစိတ်ရမည်ဖြစ်ရာ သစ်လုံးတန် ၁၀၀၀၄၁ လိုအပ်မည် ဖြစ်သည့်အတွက် သစ်တောပြုန်းတီးခြင်းများလည်း ဖြစ်ပေါ်လာနိုင်ရာ နှစ် ၆၀ ခန့် ခံနိုင်ရည်ရှိသည့် ကွန်ကရစ်ဇလီဖားတုံးများကို ပြောင်းလဲသုံးစွဲခဲ့ခြင်း ဖြစ်သည်။(ကြေးမုံ)

ထူးဆန်းသည့် တမာပင်မှ ထန်းရည်ကဲ့သို့ အရည်ထွက်နေ

မိတ္ထီလာ ဩဂုတ် ၂၈

မိတ္ထီလာမြို့မြောက်ဘက် ၁၀ မိုင်ကွာ စက်မှုဇုန်အနောက်ဘက်ရှိ ကန်သာကျေးရွာအုပ်စု ထနောင်းကန်ကျေးရွာရှိ တမာပင်မှ ထန်းရည်ထွက်နေသည်ဆိုသည့် သတင်းဆန်းတစ်ရပ်ဖြစ်ပွားခဲ့သည်။

ထနောင်းကန်ရွာမှာ ကန်သာကျေးရွာအုပ်စုတွင် ပါဝင်၍ အိမ်ထောင်စု ၂၄၀ ရှိပြီး လူဦးရေ ၃၀၀၀ ခန့်ရှိ ကျေးရွာဖြစ်သည်။ ထနောင်းကန်ကျေးရွာတွင် ရပ်ကွက်ကြီး သုံးရပ်ကွက်ရှိသည်။ ကျေးရွာလူထုအများစုမှာ တောင်သူလယ်သမားများဖြစ်ကြပြီး အချို့မှာ စက်ရက်ကန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထနောင်းကန်ရွာ အရှေ့ပိုင်းရပ်ကွက်တွင် ဈေးသည်ဦးဝင်းရွှေနှင့် ဒေါ်သန်းဆင့်တို့ နေထိုင်ကြသည်။ ဦးဝင်းရွှေနှင့် ဒေါ်သန်းဆင့်တို့ အိမ်ဝိုင်းအတွင်းတွင် နှစ်ပေါင်း ၆၀ ခန့်က အမြင့်ပေ ၅၀ ကျော်ရှိ တမာပင်ကြီးတစ်ပင်ရှိသည်။ ထိုတမာပင်ကြီးမှ ဩဂုတ် ၂၀ ရက်မှစ၍ ထူးဆန်းစွာ ထန်းရည်များထွက်နေသည်ဆို၏။ ထန်းရည် စထွက်ခါစကမသိဘဲ အပင်ခြေတွင် ချဉ်စုပ်စုပ်အရည်များတွေ့ရပြီး ပျားများလာရောက်စုပ်ယူနေကြသည်ကို တွေ့ရသည်ဆို၏။ တမာပင်ခြေတွင် နေ့စဉ်ချဉ်စုပ်စုပ်အရည်များထွက်နေသည်ကို တွေ့၍ မသင်္ကာဖြစ်ပြီး သစ်ပင်ပေါ်တက်ကြည့်ရာ တမာပင်အမြင့် ၁၅ ပေခန့်တွင် တမာပင်ဘုလုံးအကြားမှ အက်ကြောင်းပေါ်ကာ အရည်များ ထွက်နေသည်ကို တွေ့ရသည်ဆို၏။ နေ့စဉ်တမာပင်ကြားမှ အရည်များယိုစီးကျနေရာ ပျားများ၊ လိပ်ပြာများ၊ ရှဉ့်များ လာရောက်သောက်သုံးနေကြသည်ကို မြင်တွေ့ကြရသည်ဆို၏။

တမာပင်မှထွက်သော အရည်များမှာထန်းရည်ကဲ့သို့ အရည်မျိုးဖြစ်ပြီး သောက်သုံးကြည့်သူများမှာ ဘေးအန္တရာယ်မရှိကြောင်း တွေ့ရသည်ဆို၏။ ထိုကဲ့သို့တမာပင်မှ ထူးဆန်းစွာ ထန်းရည်ထွက်နေသည့်အတွက် ရွာအနီးနားမှ အထူးအဆန်းအဖြစ် လာရောက်ကြည့်ရှုရာမှ ဗိုက်အောင့်သူ၊ ဗိုက်နာသူ၊ ငှက်ဖျားရှိသူများ သောက်ကြရာ ရောဂါပျောက်ကင်းကြောင်း သိရသဖြင့် တမာပင်မှ ထွက်သောအရည်ကို အခမဲ့ပေးဝေနေရကြောင်း သိရသည်။ တမာပင်မှထွက်သော ထန်းရည်မှာ တစ်နေ့နှစ်လီတာခန့်ထွက်ပြီး**(အပေါ်ပုံ)**သောက်သုံးလိုသူများမှာ စောင့်ဆိုင်းယူနေကြသည်ကို တွေ့ရသည်။ (၁၁၁)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မိတ္ထီလာမြို့၌ သားနှင့် မိခင် ဓာတ်လိုက်သေဆုံးမှုဖြစ်ပွား

မိတ္ထီလာ ဩဂုတ် ၂၈

ဩဂုတ် ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ နှစ်နှစ်အရွယ်သားနှင့် ကိုယ်ဝန်ဆောင်မိခင်တို့ ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အသက်နှစ်နှစ်အရွယ်ရှိ ကလေးငယ်သည် ယင်းနေ့ညပိုင်းတွင် နေအိမ်အိပ်ခန်းအတွင်း ဓာတ်အားစီးဝင်နေသည့် မီးကြိုးခွေပလပ်ပေါက်အတွင်းမီးဖိုက်ွင်ကြိုးအလွတ်ကို ထည့်မိရာမှ ဓာတ်လိုက်ခြင်းဖြစ်ပြီး သားငယ်ကို ဝင်ဆွဲသည့် မိခင်ဖြစ်သူပါ ဓာတ်လိုက်သေဆုံးခဲ့ရခြင်းဖြစ်သည်။ သေဆုံးသည့် မိခင်မှာ အသက်(၂၉)နှစ်အရွယ်ရှိပြီး ကိုယ်ဝန်ဆောင်တစ်ဦးဖြစ်ကာ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း မွေးဖွားမည်ဟု ရက်ချိန်းပေးထားခြင်းခံရသူဖြစ်ကြောင်း သိရသည်။

သတိမမူသဖြင့် မတော်တဆမှုမှုတစ်ဆင့် နှစ်နှစ်အရွယ် ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်မိခင်တို့ ဝမ်းနည်းကြေကွဲဖွယ် သေဆုံးခဲ့ခြင်းဖြစ်ရာ လျှပ်စစ်မီးအသုံးပြုရာတွင် စနစ်တကျသတိရှိရှိဖြင့် သုံးစွဲကြရန် လိုအပ်သကဲ့သို့ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ကလေးငယ်များ လက်လှမ်းမမီသည့် နေရာများတွင် ထားရှိကြရန်လိုကြောင်း လျှပ်စစ်ဓာတ်အားအသုံးပြုသူများ သတိပြုဆင်ခြင်ဖွယ်ရာ တင်ပြလိုက်ရပါသည်။

(ဝင်းဝင်းမော်)

နိုင်ငံတကာအနုပညာရပ်ဝန်း

The Gambler ဇာတ်ကားတွင် လီယိုနာဒို ပါဝင်သရုပ်ဆောင်မည်

နာမည်ကျော် အော်စကာဆုရ ဒါရိုက်တာတစ်ဦးဖြစ်သူ မာတင်စကော်ဆက်စ်က ၁၉၇၇ ခုနှစ်တွင် မင်းသားကြီး ဂျိန်းစ်ကန် ပါဝင်သရုပ်ဆောင်ခဲ့သည့် The Gambler ဇာတ်ကားကို ယနေ့ ဟောလိဝုဒ် ရုပ်ရှင်လောကတွင် အောင်မြင်မှုရရှိနေသူ မင်းသား လီယိုနာဒိုနှင့် ပြန်လည်အသက်သွင်း ဖန်တီးသွားမည် ဖြစ်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

မင်းသား လီယိုနာဒိုနှင့် ဒါရိုက်တာမာတင်တို့သည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း နာမည်ကျော် လူကြိုက်များခဲ့သည့် Shutter Island၊ The Aviator၊ Gangs of New York နှင့် The Departed ဇာတ်ကားများကို ပူးပေါင်းရိုက်ကူးခဲ့ကြပြီး The Departed ဇာတ်ကားဆိုလျှင် အကောင်းဆုံးဇာတ်ကားဆုနှင့် အကောင်းဆုံးဒါရိုက်တာဆုများပင် ဆွတ်ခူးရရှိခဲ့သည်။ ယခုရိုက်ကူးမည့် The Gambler ဇာတ်ကားကို The Departed ဇာတ်ကားတွင် ဇာတ်ညွှန်းရေးသားပေးခဲ့သည့် ဇာတ်ညွှန်းရေးဆရာ ဝီလျံမွန်နာဟန်က ဇာတ်ညွှန်းရေးသားပေးမည်ဖြစ်၍ ၎င်းတို့သုံးဦးပေါင်း၏ အနုပညာခံစားတင်ပြမှုကို ထပ်မံရှုစားကြရဦးမည်ဖြစ်သည်။

လီယိုနာဒိုသည် မကြာမီသေးက J.Edgar၊ The Great Gatsby နှင့် Django Unchained ဇာတ်ကားများကို ရိုက်ကူးပြီးစီးခဲ့သည်။ ထို့ပြင် လီယိုနာဒိုသည် အဆိုတော် ဘီယွန်ဆေးနှင့် တွဲဖက်၍ A Star is Born ဇာတ်ကားကို ပြန်လည်ရိုက်ကူးမည်ဟု ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည်။

အေဝမ်းစိုး

အင်တာနက်။



လီယိုနာဒို

အင်းလေးကန်ရေရှည်တည်တံ့စေဖို့ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစို့

မောင်သစ်တော

အာဆီယံ ယဉ်ကျေးမှုအမွေအနှစ် အင်းလေးကန်

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ကုန်းတွင်းရေအိုင်ကြီးများအနက် ဒုတိယ အကြီးဆုံးရေအိုင်ကြီးဖြစ်ပြီး အာဆီယံယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခြင်း ခံရသော ကျော်ကြားလှသည့် သဘာဝရေအိုင်ကြီး ဖြစ်ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်း ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၂၈၈၀ အမြင့်တွင် တည်ရှိပါသည်။ တန်ခိုးကြီးဘုရားများ၊ ထူးခြားသော ရေလယ်ရွာကြီးများ၊ ရေပေါ်ကျွန်းမျောစိုက်ခင်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ရေတိမ်ဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုကြောင့် မြန်မာနိုင်ငံနှင့် ကမ္ဘာအနှံ့အပြားမှ ခရီးသွားဧည့်သည် အများဆုံးလာရောက်လည်ပတ်သော ရေအိုင်ကြီးလည်းဖြစ်ပါသည်။

အင်းလေးကန်သည် ဒေသခံတိုင်းရင်းသားများအတွက် မရှိမဖြစ် သဘာဝ သယံဇာတ အမွေအနှစ်တစ်ခု ဖြစ်ပါသည်။ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရိုးရာလက်မှုလုပ်ငန်းများ အပါအဝင် ခရီးသွားလုပ်ငန်းများအားလုံး အင်းလေးကန်ကိုအခြေပြု၍ ဆောင်ရွက်ကြရပါသည်။ ထို့ကြောင့် အင်းလေးကန်သည် ဒေသဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်သော ကုန်းတွင်းရေအိုင်ကြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ အကြီးဆုံး ရေအားလျှပ်စစ်စွမ်းအားထုတ်လုပ်ပေးရာ လောပိတရေအားလျှပ်စစ်စက်ရုံ၏ အဓိကရေအရင်းအမြစ်တစ်ခုဖြစ်သောကြောင့် မြန်မာနိုင်ငံသားတိုင်းအတွက် အဖိုးမဖြတ်နိုင်သော ရတနာရေကန်ကြီးလည်းဖြစ်ပါသည်။

ဇီဝမျိုးကွဲစုံလင် အင်းလေးကန်ဝန်းကျင်

အင်းလေးကန်သည် ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝသည့် ရေတိမ်ဒေသ(Wet Land) တစ်ခုလည်းဖြစ်ပါသည်။ ကန်ရေပြင်နှင့် ရေဝပ်ဧရိယာများတွင် ရေတိမ်ဒေသ ပေါက်ပင်များဖြစ်သော ရေညှိ၊ ရေမှော်၊ ရေမျောပင်များ၊ ရွံ့နွံတောများ၊ ကိုင်းမြက်တောများ၊ ရေကြိုက်သစ်ပင်ကြီးများ ပေါက်ရောက်ကြပြီး ကန်ဝန်းကျင်တွင် အထက်ရွက်ပြတ်ရောနှောတောများ၊ အင်တိုင်းတောများ၊ တောင်ပေါ်တောများ၊ ထင်းရှူးတောများနှင့် တောင်ပေါ် မြက်ခင်းများ ပေါက်ရောက်ပါသည်။ ဂေဟစနစ်စုံလင်လှသဖြင့် အပင်နှင့်တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲတို့မှာလည်း ဂေဟစနစ်အလိုက်စုံလင်စွာတွေ့ရပါသည်။ အပင်မျိုးရင်း ၁၆၉ မျိုး၊ မျိုးစု ၈၆၉ မျိုးနှင့် မျိုးစိတ် ၁၆၈၈ မျိုး ရှာဖွေမှတ်တမ်းတင်ထားပြီးဖြစ်ပါသည်။ ထို့အပြင် အင်းလေးကန်ဒေသတွင် ဒေသမျိုးရင်း ဆေးဖက်ဝင်ပရဆေးပင်ပေါင်း ၅၂၇ မျိုးနှင့် သစ်ခွမျိုး ၂၁၇ မျိုး ပေါက်ရောက်လျက်ရှိပါသည်။ ရေတိမ်ဒေသဖြစ်သည်နှင့်အညီ ရေပျော်ငှက်အမျိုးမျိုး၊ ဆောင်းခိုငှက်အမျိုးမျိုးနှင့် ငါးမျိုးစိတ်အမျိုးမျိုးတို့ နေထိုင်ကျက်စားရာ ဒေသတစ်ခုဖြစ်သဖြင့် ဂေဟစနစ်တန်ဖိုးမြင့်မားသော နေရာဒေသဖြစ်ပါသည်။ ထို့ကြောင့် ၁၉၈၅ ခုနှစ် နိုဝင်ဘာလတွင် အင်းလေးကန်အား တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်၍ ထိန်းသိမ်းကာကွယ်ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများ

အင်းလေးကန်၏ ရေဝေရေလဲဧရိယာသည် ၂၁၆၆ ဒသမ ၈ စတုရန်းမိုင် (၈ေ ၁၃ သိန်း ၈ သောင်းကျော်) ကျယ်ဝန်းပါသည်။ သစ်တောဖုံးလွှမ်းမှု အသင့်အတင့်ကောင်းမွန်သော နေရာများတွင် မြေတိုက်စားမှု အနည်းငယ်သာ ရှိသော်လည်း သစ်တောပြုန်းတီးနေသော နေရာများတွင် မြေတိုက်စားမှု ပြဿနာများ ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိပါသည်။ ရေဝေရေလဲဧရိယာအတွင်း သစ်တောများ ပြုန်းတီးသောကြောင့်လည်းကောင်း၊ အင်းလေးကန်အတွင်း စီးဝင်သော သဲနုန်းများကြောင့်လည်းကောင်း၊ တောင်ကမ်းပါးယံများ မိုးရေတိုက်စားပြီး သဲနုန်းများ အင်းလေးကန်အတွင်းသို့ ဝင်ရောက်မှုကြောင့်လည်းကောင်း၊ တောင်စောင်းများတွင် ထွန်ယက်စိုက်ပျိုးမှုကြောင့်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းများကြောင့်လည်းကောင်း၊ စိုက်ပျိုးမြေများကန်အတွင်း တိုးချဲ့လာမှုများကြောင့် လည်းကောင်း၊ အမှိုက်သရိုက်များ စွန့်ပစ်ခြင်းကြောင့်လည်းကောင်း၊ ကန်ရေအောက်ကြမ်းပြင်တွင် ရေညှိ၊ ရေမှော်များ၊ ဗေဒါများ တိုးပွားအနည်ထိုင်လာခြင်းဖြင့်လည်းကောင်း၊ ကန်အတွင်း သဘာဝကျွန်းမျောရိုင်းများ တိုးပွားလာခြင်းကြောင့်လည်းကောင်း အင်းလေးကန် တဖြည်းဖြည်း တိမ်ကောလာရခြင်းဖြစ်ပါသည်။ အင်းလေးကန် တိမ်ကောလာမှုနှင့်အတူ ကန်၏ရေလှောင်နိုင်မှုစွမ်းရည်မှာလည်း တဖြည်းဖြည်း လျော့နည်းလာပြီး ဘီလူးချောင်း ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ထိခိုက်နိုင်သည့် အခြေအနေတွင် ရှိနေပါသည်။ တစ်ချိန်တည်းမှာပင် အင်းလေးကန်ပတ်ဝန်းကျင်ရှိ သဘာဝအလှအပများသည်လည်းကောင်း၊ မှီတင်းနေထိုင်သည့် သားငှက်တိရစ္ဆာန်များသည်လည်းကောင်း အင်းလေးကန်နှင့်အတူ တစ်စတစ်စ ပျောက်ကွယ်သွားမည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များ

အင်းလေးကန်၏ မူလရေပြင်အကျယ်သည် ၁၀၀ စတုရန်းမိုင်ခန့်ရှိခဲ့သော်လည်း ၂၀၁၀ ခုနှစ် တိုင်းထွာချက်အရ ရေပြင်အကျယ် ၂၄ စတုရန်းမိုင်နှင့် ကန်၏ ရေအနက်ဆုံးနေရာတွင် မိုးရာသီ၌ ၁၂ ပေ၊ နွေရာသီတွင် ခြောက်ပေခန့် ရှိပါတော့သည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများကြောင့် အင်းလေးကန် တဖြည်းဖြည်းတိမ်ကောလာရသည့် အခြေအနေတွင် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကလည်း အင်းလေးကန်၏ အခြေအနေကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့်အတူ ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မိုးရွာသွန်းမှု နည်းပါးခြင်း၊ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ နှစ်(၅၀)အတွင်း စံချိန်တင်ပူပြင်းခဲ့ခြင်းနှင့် မုတ်သုံမိုးနောက်ကျခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်းတို့ကြောင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးများတွင် ရေခန်းခြောက် ရှားပါးမှုနှင့် ကြုံတွေ့ခဲ့ရပါသည်။ အဆိုပါ အခြေအနေတွင် အင်းလေးကန်၌ ရေထိန်းထားမှု အနည်းဆုံးဖြစ်ကာ ရေပြင်ပမာဏ အလျော့နည်းဆုံးအနေအထားသို့ ရောက်ရှိခဲ့ပါသည်။ အပူချိန်မြင့်ထန်မှုနှင့်အတူ ရေများ ခန်းခြောက်သွားသဖြင့် ရေတိမ်ပိုင်းများသည် ကုန်းမြေကမ်းစပ်အဖြစ် ပြောင်းလဲသွားခြင်း၊ ကန်အတွင်း သောက်သုံးရေရှားပါးခြင်း၊ သွားလာရေး၊သယ်ယူပို့ဆောင်ရေးခက်ခဲသွားမှုကြောင့် ရေလမ်းကြောင်းများ တူးဖော်ဖောက်လုပ်သွားလာရခြင်း၊ အချို့ကျွန်းမျောများ ကုန်းသေအဖြစ်သို့ ပြောင်းလဲသွားခြင်း၊ ငါးရှားပါးလာခြင်း၊ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်း ကျဆင်းသွားခြင်းတို့ဖြစ်ပေါ်စေခဲ့ပါသည်။ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများကို ထိခိုက်စေခဲ့ပါသည်။ ထို့ကြောင့် လူသားများ၏ ပယောဂကြောင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးတိမ်ကောလာသော အင်းလေးကန်နှင့် ပတ်ဝန်းကျင်ရေဝေရေလဲဒေသအား အရှိန်အဟုန်ဖြင့် အချိန်မီ ထိန်းသိမ်းကာကွယ်ရန် လိုအပ်လာပါသည်။

အင်းလေးကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

အင်းလေးကန်ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်ကပင် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၃၇ ခုနှစ်တွင် သစ်တောဦးစီးဌာနက မြေယာထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်း၍ မြေဆီလွှာတိုက်စားမှုများကို ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ၁၉၄၇ မှ ၁၉၄၉ အတွင်း မြေဆီလွှာတိုက်စားမှုမှ ကာကွယ်ခြင်းလုပ်ငန်းများနှင့် ဒေသခံပြည်သူများအား ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ၁၉၅၁ ခုနှစ်တွင် ရှမ်းပြည်နယ် မြေကာကွယ်ပြုစုရေးအက်ဥပဒေကို ထုတ်ပြန်ခဲ့ခြင်း၊ ၁၉၈၆ မှ ၁၉၉၆ ခုနှစ်အထိ ကာလအတွင်း ရေဝေရေလဲထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်တည်ငြိမ်စေရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ သီးနှံသစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ဝင်ငွေတိုးအခွင့်အလမ်းဖော်ထုတ်ရေးစီမံကိန်းများကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ဂျပန်နိုင်ငံအခြေစိုက် Karamosia အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ် ဇွန်လတွင် နော်ဝေနိုင်ငံလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်စဉ်အတွင်း အင်းလေးကန်ရေရှည်တည်တံ့စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ပြီး ယခုအခါ စီမံကိန်းများ ပူးပေါင်းအကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် အင်းလေးကန် မိုင် ၂၀ ဝန်းကျင် သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးစီမံကိန်း၏ ပထမငါးနှစ်ကို ၂၀၀၀-၂၀၀၁မှ ၂၀၀၄-၂၀၀၅အထိလည်းကောင်း၊ ဒုတိယငါးနှစ်စီမံကိန်းကို ၂၀၀၅-၂၀၀၆ မှ ၂၀၀၉-၂၀၁၀ အထိလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများတွင် သဘာဝတောထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်ပါသည်။ အထူးသဖြင့် လေကာတန်းစိုက်ပျိုးခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းရေးစိုက်ခင်း၊ သီးနှံသစ်တော ရောနှောစိုက်ခင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းနှင့် ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ကွန်တိုကန်သင်းကန့် ဖော်ထုတ်ခြင်း၊ ရေလွှဲမြောင်းတူးဖော်ခြင်း၊ နုန်းထိန်းတမံငယ်များ တည်ဆောက်ခြင်းများကိုလည်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါသည်။ ဒေသခံပြည်သူများအား ရေဝေရေလဲဒေသထိန်းသိမ်းရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်း အပါအဝင် သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းအမျိုးမျိုးဖွင့်လှစ်ပို့ချခြင်းနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါသည်။ အင်းလေးကန် ရေဝေရေလဲ ဧရိယာအတွင်း ကြိုးဝိုင်းတောရှစ်ခု(၂၀၃ ဒသမ ၇ စတုရန်းမိုင်)၊ ကြိုးပြင်ကာကွယ်တော ခုနစ်ခု (၉၉ ဒသမ ၁ စတုရန်းမိုင်)နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ သုံးခု (၂၃၈ ဒသမ ၅ စတုရန်းမိုင်)တည်ထောင်၍ ရေဝေရေလဲ ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

အင်းလေးကန်ဒေသအတွက် အစိမ်းရောင်စီးပွားရေး (Green Economy)

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကော်မတီရှစ်ခု ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ကော်မတီသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ကော်မတီအနေဖြင့် ကျေးလက်ဒေသများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ပတ်ဝန်းကျင် အခြေအနေကောင်းများကို ရေရှည်ရရှိခံစားနိုင်စေရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိရာ အင်းလေးကန်ရေရှည်တည်တံ့စေရေးအား လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်လျက်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် အင်းလေးကန်ပတ်ဝန်းကျင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဟန်ချက်ညီ ဆောင်ရွက်နိုင်ရေးအတွက် နှစ်ကြိမ်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။ အင်းလေးကန်ဒေသတွင် ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော (သို့မဟုတ်) ပတ်ဝန်းကျင်ထိခိုက်မှု အနည်းပါးဆုံးဖြစ်စေပြီး ဒေသခံပြည်သူလူထု၏ လူမှုဘဝကိုမြင့်မားစေမည့် "အစိမ်းရောင်စီးပွားရေး" လုပ်ငန်းများ ဖွံ့ဖြိုးလာရန် မှာကြားခဲ့ပါသည်။ ထုတ်ကုန်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတွင် ရုပ်ကြွင်းလောင်စာဆီများအစား ပြန်ပြည့်မြဲ စွမ်းအင်များဖြစ်သည့် ရေ၊ နေ၊ လေ စွမ်းအင်များ၊ ဇီဝလောင်စာများ၊ သဘာဝဓာတ်ငွေ့များ သုံးစွဲခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာအစား သဘာဝမြေဩဇာ အသုံးပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံး စိုက်ပျိုးရေးနည်းပညာများအသုံးပြုခြင်း၊ ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကင်းစင်သော Organic Farming စနစ်ကျင့်သုံးခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများသည် အင်းလေးကန်ဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဖြစ်ပါသည်။

နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း

အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်လျက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ ပထမအကြိမ် အမျိုးသားအဆင့် အင်းလေးကန် ရေရှည်တည်တံ့ရေး၊ ထိန်းသိမ်းဆောင်ရွက်ရန် နည်းလမ်းများဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၀ ခုနှစ် ဇူလိုင် ၁ရက်မှ ၂ ရက်အထိ နေပြည်တော်၌ လည်းကောင်း၊ အင်းလေးကန် ဝန်းကျင် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၀ ခုနှစ် ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ တောင်ကြီးမြို့တွင် လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများမှ အင်းလေးကန်ဒေသဝန်းကျင် ရေသယံဇာတများ ရေရှည်အသုံးချနိုင်ရေး၊ အင်းလေးကန်ဒေသဝန်းကျင်တွင် မှန်ကန်သည့် မြေအသုံးချမှုစနစ်ဖော်ထုတ်ရေး၊ အင်းလေးကန် ဒေသပတ်ဝန်းကျင် ညစ်ညမ်းမှုများ ကာကွယ်ရေးနှင့် အင်းလေးကန်ဒေသခံများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရွေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ပါသည်။

သစ်တောဦးစီးဌာနသည် လုပ်ငန်းစဉ်များတွင် ပါဝင်သည့်အတိုင်း အင်းလေးကန်၏ ပင်မဧရိယာ(Core Area)၊ ကြားခံဧရိယာ (Buffer Area)၊ ရေဦးရေဖျားဒေသ (Remote Area) ဟူ၍ ဇုန်နယ်နိမိတ်များ ခွဲခြားသတ်မှတ်၍ အင်းလေးကန် ရေရှည်တည်တံ့စေရေးနှင့် ပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံအာဏာပိုင်အဖွဲ့အစည်းများ အပါအဝင် အခြားဆက်စပ်ဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်း၊ စာသုံးသီးပင် ပျိုးထောင်စိုက်ပျိုးခြင်းလုပ်ငန်း၊ ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်အသုံးပြုနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အင်းလေးကန်အတွင်းမှ မလိုအပ်သော ကျွန်းမျောများ၊ ဒိုက်၊ မှော်၊ နုန်းမြေများကို ဆယ်ယူဖယ်ရှားခြင်း၊ ချောင်းများ ရေစီးရေလာကောင်းမွန်စေရန် ပြန်လည်ထိန်းသိမ်းပြုပြင်ခြင်း၊ မြေပြိုတိုက်စားမှု ကာကွယ်တားဆီးခြင်းနှင့် နုန်းပို့ချမှု ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နုန်းတားဆည်နှင့် နုန်းထိန်းတမံများ တည်ထောင်ခြင်း၊ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် အိမ်သုံးအမှိုက်၊ စီးပွားရေးသုံးအမှိုက်နှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခန့်ခွဲခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် စဉ်ဆက်မပြတ် ငါးထုတ်လုပ်ရရှိရေးအတွက် ငါးမျိုးများစိုက်ထည့်ခြင်း၊ စနစ်တကျထိန်းသိမ်းကာကွယ်ခြင်း၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရေကောင်းရေသန့်ရရှိရေးနှင့် အင်းလေးဒေသနေ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက်မှ ၂၅ ရက်အထိ သစ်တောဦးစီးဌာနနှင့် UN-HABITAT တို့ ပူးပေါင်း၍ အင်းလေးကန်ရေရှည်တည်တံ့စေရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ပါသည်။ ယခင်ကျင်းပခဲ့သော အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲများမှ ချမှတ်ခဲ့သော လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု အခြေအနေများအား ပြန်လည်ဆန်းစစ်သုံးသပ်ရန်၊ ရွေ့လုပ်ငန်းစဉ်များချမှတ်ရန်နှင့် အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေး ဘက်စုံ စီမံကိန်းအတွက် စီမံကိန်းမူကြမ်းရေးဆွဲပြင်ဆင်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ဆက်စပ်ဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံအာဏာပိုင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုံညီစွာတက်ရောက်သော ဤအလုပ်ရုံဆွေးနွေးပွဲမှလည်း အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းမူကြမ်းကို ရေးဆွဲပြင်ဆင်နိုင်ခဲ့ပါသည်။

အင်းလေးကန်ရေရှည်တည်တံ့စေဖို့ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစို့

ယနေ့ကမ္ဘာနှင့်တစ်ဝန်း ရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်မှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ ရေချိုရေသန့်ရှားပါးလာမှု အစရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအား ဖြေရှင်းရန် အထိရောက်ဆုံးနှင့် အကောင်းဆုံးနည်းလမ်းမှာ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းဖြစ်ပါသည်။

တောင်စွယ်တောင်တန်းများနှင့် ဝန်းရံထားပြီး သဘာဝအလှတရားများနှင့် ယဉ်ကျေးမှုဓလေ့မျိုးစုံတို့ဖြင့် ပြည့်စုံနေသော မြန်မာနိုင်ငံ၏ ကုန်းတွင်းရေအိုင်ကြီးဖြစ်သည့် အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် ရေဝေရေလဲ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အဓိကဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ရန် လိုအပ်ပါသည်။ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အရေးပါရုံသာမက ယဉ်ကျေးမှုဓလေ့နှင့် အမျိုးသားအမွေအနှစ်တန်ဖိုးမြင့်မားသော အင်းလေးကန်ကြီး မတိမ်ကော၊ မပျက်စီးစေရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ကျွမ်းကျင်သူပညာရှင်များ၊ ဆက်စပ်ဌာနများ၊ ပြည်နယ်အစိုးရနှင့် ဒေသခံအာဏာပိုင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူလူထုအားလုံး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့်၊ (တစ်နည်းအားဖြင့်) ပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် **အစိမ်းရောင်စီးပွားရေး**လုပ်ငန်းများဖြင့် လူမှုစီးပွားရေးဖွံ့ဖြိုးစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်မှသာလျှင် အာဆီယံယဉ်ကျေးမှုအမွေအနှစ် အင်းလေးကန်ကြီးကို မြန်မာနိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းအမွေကောင်းအဖြစ် ဆက်လက်လွှဲပြောင်းပေးအပ်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် အင်းလေးကန်ရေရှည်တည်တံ့စေရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်နိုင်ရန် **"အင်းလေးကန် ရေရှည်တည်တံ့စေဖို့ ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစို့"** ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

နိုင်ငံကူးလက်မှတ်လျှောက်ထားမှု နေ့ချင်းပြီး စလစ်ရရှိသည်အထိ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနေ

မြန်မာနိုင်ငံကူးလက်မှတ်များ လျှောက်ထားမှုများကို နေ့ချင်းပြီး စလစ်ရရှိသည်အထိ လွယ်ကူလျင်မြန်စွာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ သိရှိရသည်။ **(အပေါ်ပုံ)**

ရန်ကုန်မြို့ရှိ ယခင် ပြည်ထဲရေးဝန်ကြီးဌာနရုံးဟောင်း အဆောက်အအုံ (ရန်ကင်းစင်တာနှင့် ဆရာစံပလာဇာအနီး)တွင် ပြောင်းလဲဖွင့်လှစ်လိုက်သည့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် နေရာကျယ်ဝန်းပြီး လွယ်ကူအဆင်ပြေစွာဖြင့် နိုင်ငံကူးလက်မှတ်များ လျှောက်ထားရရှိနိုင်ရန်ကို စီစဉ်ဆောင်ရွက်ပေးထားသည်။

နိုင်ငံကူးလက်မှတ်လျှောက်ထားသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ လိုအပ်သည့် စာရွက်စာတမ်းများကို ဖိုင်များဖြင့်ထည့်၍ ဝင်ရောက်နိုင်ပြီး လက်ဆွဲအိတ်ကြီးများကဲ့သို့ အိတ်များကိုမူ ယူဆောင်ခွင့်မပြုကြောင်း သိရသည်။ ရုံးအတွင်း မြေညီထပ်တွင် နိုင်ငံကူးလက်မှတ်အသစ် လျှောက်ထားမည့်သူများ၊ သက်တမ်းတိုးမည့်သူများ လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို လွယ်ကူစွာသိရှိနိုင်ရန် အသိပေးကြော်ငြာထားပြီး လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်သွားပါက နာရီပိုင်းအတွင်း နိုင်ငံကူးလက်မှတ်ထုတ်ယူရမည့် သက်သေခံလက်မှတ် စလစ်ရရှိနိုင်သည်ဟု သိရှိရသည်။

"မွန်းလွဲ ၁ နာရီလောက်မှ စလျှောက်တာ၊ ဓာတ်ပုံရိုက်၊ ဖောင်ဝယ်ပြီးတော့ ဘဏ်ငွေသွင်းတယ်။ ဖောင်ဖြည့်တယ်။ လဝက စစ်တယ်။ ဓာတ်ပုံပြန်ရွေးပြီး ဖောင်စီရတယ်။ ဖောင်သွားထပ်ပြီးတာနဲ့ သတ်မှတ်ကောင်တာမှာ လက်ဗွေနှိပ်ပြီး စလစ်ထွက်လာတာပါပဲ။ အရင်က စလစ်ရဖို့ နှစ်ရက်သုံးရက်လောက် လုပ်ရတယ်။ အခု နာရီပိုင်းအတွင်း နေ့မကူးဘဲနဲ့ နေ့ချင်းပြီး ရရှိတဲ့အတွက် အချိန်ကုန်၊ လူပင်ပန်းလည်းသက်သာသွားတယ်။ ရုံးကလည်း ကျယ်ကျယ်ဝန်းဝန်းနဲ့မို့ ဝန်ဆောင်မှုတွေ ပိုကောင်းလာတာ တွေ့ရပါတယ်" ဟု မြန်မာနိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားသူတစ်ဦးက ပြောပြခဲ့သည်။

နိုင်ငံကူးလက်မှတ် လျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာ စာရွက်စာတမ်းအပြည့်အစုံဖြင့် မှန်မှန်ကန်ကန် ဖြည့်စွက်လျှောက်ထားပါက နိုင်ငံကူးလက်မှတ်စတင်လျှောက်ထားသည့်ရက်မှ ၂၁ ရက် (သုံးပတ်အကြာ)တွင် နိုင်ငံကူးလက်မှတ်များ ထုတ်ယူနိုင်ပြီဖြစ်သည်။ သက်ဆိုင်ရာ နေ့အလိုက် နိုင်ငံကူးလက်မှတ်များ ထုတ်ယူရရှိနိုင်ပြီဖြစ်ကြောင်းကို အတွေးသစ်ဂျာနယ်တွင်လည်း ဖော်ပြပေးလျက်ရှိသည်။

အရေးပေါ်သွားရောက်လိုသူများအတွက် ၁၀ ရက်ခန့်ဖြင့် နိုင်ငံကူးလက်မှတ်ရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် အိမ်တိုင်ရာရောက် Home Service အစီအစဉ်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။ အသက်(၆၀) နှစ်အထက်နှင့် ရဟန်း၊ သီလရှင်၊ (၁၅)နှစ်အောက် ကလေးသူငယ်များအတွက် လက်ဗွေလက်မှတ်ရယူရန် သီးသန့်တံုကင်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (ဝဝ၁)

တပ်ကုန်း၌ ဓမ္မစကူးဖွင့်မည်

တပ်ကုန်း ဩဂုတ် ၂၈

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ ဓမ္မစကူး(Dhama School) ဖွင့်လှစ်နိုင်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၃ ရက် နံနက်က ဗိုလ်မင်းရောင်ရပ်ကွက် ဝင်းသီရိမိသားစုအိမ်၌ ကျောင်းပရာ ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့်အလှူရှင်များ တက်ရောက်ကြသည်။

ယနေ့ ဗုဒ္ဓဘာသာဝင် ကလေးသူငယ်တို့သည် ဥပုသ်နေ့တိုင်း ကျောင်းကန်ဘုရားသို့ သွားလေ့မရှိကြောင်း၊ ကျောင်းကန်ဘုရားနှင့် စိမ်းလာကြသဖြင့် ဘာသာတရားနှင့်လည်း ဝေးလာကြောင်း၊ ဥပုသ်နေ့မှန်းလည်း မသိကြတော့ကြောင်း၊ လူကြီးမိဘများကလည်း မိမိကလေးများ ကျောင်းကန်ဘုရားသွားရေးထက် ကျူရှင်သွားရေး၊ ပွဲလမ်းသွားရေးသာသိထားကြောင်း၊ ဘုရားဝေး၊ တရားဝေးရသောကြောင့် ဟော့ရမ်းသည့်လူငယ်များ များလာကြောင်း မတည်အလှူရှင်က ပြောကြားသည်။

တပ်ကုန်းမြို့နယ်၌ ထိုကဲ့သို့ကျောင်းမျိုး ယခင်က ဖွင့်လှစ်ခဲ့ခြင်းမရှိဘဲ ယခုဖွင့်လှစ်မည့် ဓမ္မစကူး (Dhama School) ကို ၂၀၁၂ ခုနှစ် ဇွန်လမှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဖွင့်လှစ်နိုင်မည်ဖြစ်သည်။ သင်ရိုးပြုစုရေးနှင့် ဆရာ၊ ဆရာမများ သင်ကြားရေး၊ အလှူငွေများ ထည့်ဝင်ရေးတို့ကို တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။ (ဝ၉၂)

ဈေးကွက်ကြီးမား၍ အလားအလာရှိသော ပေါင်းဆန်ကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန် ပြင်ဆင်

ပြည်ပဈေးကွက်ကြီးမား၍ ဝယ်လိုအား အလားအလာများရှိနေသော ပေါင်းဆန်ကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့ ထပ်မံတင်ပို့နိုင်ရန်နှင့် ပေါင်းဆန် အဓိကစားသုံးသည့်နိုင်ငံများအတွင်း မြန်မာ့ပေါင်းဆန်များ ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့်ရရှိရန် ဆန်စက်လုပ်ငန်းရှင်အချို့ ပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း သိရသည်။

ပုဂ္ဂလိက ကဏ္ဍမှ တန်းမြင့်ပေါင်းဆန်များ ပြည်ပသို့ စတင်တင်ပို့ခွင့်ပြုခဲ့ရာတွင် ရုရှားနိုင်ငံ Agro-Alliance ကုမ္ပဏီမှ မှာယူမှုရှိခဲ့ပြီး မက်ထရစ်တန်ချိန် ၂၅၀ တင်ပို့နိုင်ခဲ့သည်။

တန်းမြင့်ပေါင်းဆန်များ ရုရှားနိုင်ငံသို့တင်ပို့ခဲ့ရာတွင် ၂၀၁၁ ခုနှစ် ဇွန်လက ပထမအကြိမ်စတင်တင်ပို့ခဲ့ပြီး ကွန်တိန်နာ ငါးလုံးဖြင့် ဆန်တန်ချိန် ၁၂၅ တန်ကို ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဆိပ်ကမ်းသို့ တင်ပို့ခဲ့သည်။ ကျန်တန်ချိန် ၁၂၅ တန်ကို ဇူလိုင်လတွင် ဆက်လက်တင်ပို့ခဲ့သည်။ တင်ပို့ခဲ့သော ပေါင်းဆန်အမျိုးအစားမှာ ဧည့်မထ(၅) မှတ်ဆန်အမျိုးအစားဖြစ်ပြီး ရောင်းချခဲ့သည့် ဈေးနှုန်းမှာ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀ ဖြစ်သည်။ ဆက်လက်၍ မြန်မာ့တန်းမြင့် ပေါင်းဆန်များကို ရုရှားနိုင်ငံအပါအဝင်ပြည်ပနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း ပေါင်းဆန်တင်ပို့ခဲ့သည့် ရွှေဇာခြည်ကုမ္ပဏီမှ သိရှိရသည်။

တိုးမြှင့်ထုတ်လုပ်နိုင်ရန်

ပြည်ပဈေးကွက်ရှိနေသည့် တန်းမြင့်ပေါင်းဆန်များ**(ယာပုံ)** ကို ထုတ်လုပ်လည်ပတ်လျက်ရှိသော ခေတ်မီပေါင်းဆန်စက်များမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အိမ်မဲမြို့၊ ဘိုကလေးမြို့နှင့် ဒေးဒရဲမြို့တို့တွင် တည်ရှိနေသည်။ ပုသိမ်မြို့တွင်လည်း တန် ၂၀၀ ကျ စပါးပေါင်းစက်နှင့် ခေတ်မီဆန်စက်များကို ထိုင်းနိုင်ငံ၏ နည်းပညာဖြင့် တည်ဆောက် ရန် စီစဉ်နေပြီး ပေါင်းဆန်တိုးမြှင့်ထုတ်လုပ်နိုင်ရန် ပြင်ဆင်နေကြသည်။

အာဟာရအပြည့်အဝရရှိ

"တကယ်တော့ ဆန်ဖြူစားသုံးတာဟာ ဆန်ရဲ့အာဟာရတန်ဖိုးကို အပြည့်အဝမရရှိနိုင်ပါဘူး။ ဆန်ကို ဖြူအောင်ဖွတ်တဲ့အခါမှာ ဆန်ရဲ့ အာဟာရပိုင်းတွေ ဆုံးရှုံးသွားတဲ့အတွက် ဆန်က အဓိကရတဲ့ ဗီတာမင်ဘီဝမ်းချို့တဲ့တဲ့ရောဂါကို ကလေးရော လူကြီးတွေပါ ရရှိခံစားနေရတာ တွေ့နိုင်ပါတယ်။ ဆန်ကိုပေါင်းလိုက်တဲ့ပေါင်းဆန်အဖြစ်နဲ့ ထုတ်လုပ်တာကတော့ ဆန်ကရမယ့်အာဟာရ အပြည့်အဝရရှိနိုင်ပါတယ်။ ပေါင်းဆန်ဆိုတာက စပါးကို ရေစိမ်ပေါင်းတင်ကာ အခြောက်ခံတဲ့အခါ ပြုတ်ခြောက်စပါးကို ရရှိပြီး အဲဒီပြုတ်ခြောက်စပါးကို ကြိတ်ခွဲတဲ့အခါ ရလာတဲ့ဆန်ဖြစ်ပါတယ်။ ပေါင်းဆန်ရဲ့ အားသာချက်က ပေါင်းဆန်ကို နို့ဆီဘူးဝက်ချက်ပြီး စားသုံးမယ်ဆိုရင် သာမန်ဆန်နို့ဆီဘူး တစ်လုံး ချက်စားတာနဲ့ အတူတူပဲမို့ ဆန်စားသုံးမှုမြင့်မားတဲ့ လူဦးရေများတဲ့ နိုင်ငံတွေအနေနဲ့ စားနပ်ရိက္ခာဖူလုံမှုအတွက် တင်သွင်းကြပါတယ်"ဟု ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံသည် ၁၉၂၀ ခုနှစ်ခန့်က စတင်၍ ပေါင်းဆန်ထုတ်လုပ်၍ ပြည်ပတင်ပို့ခဲ့သော အတွေ့အကြုံရင့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်ပတင်ပို့မှုတွင် ၁၉၄၉ ခုနှစ်မှ ၁၉၅၄ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှတင်ပို့မှုမှာ တန်ချိန် ၃ ဒသမ ၈ သိန်းကျော်ရှိခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ပြည်ပသို့ ပေါင်းဆန်တင်ပို့မှုမှာ ပျမ်းမျှတန်ချိန် ၂ ဒသမ ၁ သိန်းခန့်ရှိခဲ့သည်။ ယင်းမှာ ထိုစဉ်က ပြည်ပသို့ ဆန်တင်ပို့မှု၏ ၃၇ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ့ပေါင်းဆန်ကို အဓိကဝယ်ယူတင်သွင်းခဲ့သည့် နိုင်ငံများမှာ သီရိလင်္ကာ၊ ရုရှား၊ အိန္ဒိယ၊ အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိက၊ အနောက်အိန္ဒိယကျွန်းစု၊ မလေးရှားနှင့် ယူနိုက်တက်ကင်းဒမ်းတို့ဖြစ်သည်။

(ဆုနှင်းလဲ့-ကြေးမုံ)

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့်ပွဲ ဝတ်အသင်းများ ရွတ်ဖတ်ပူဇော်နိုင်

ရန်ကုန် ဩဂုတ် ၂၈

ရွှေတိဂုံစေတီတော်ကြီး၏ နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၁၂ ခုနှစ် မတ်လ(တပေါင်းလ)အတွင်း ကျင်းပရန် စီစဉ်ထားရာ ပွဲတော်ကာလအတွင်းတွင် ဓမ္မဒေသနာ တရားတော်များ ရွတ်ဖတ်ပူဇော်လိုသော ဝတ်အသင်းအဖွဲ့များအား ဂေါပကအဖွဲ့က ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ရွတ်ဖတ်ပူဇော်လိုသော ဝတ်အသင်းအဖွဲ့များအနေဖြင့် ဂေါပကအဖွဲ့ထံ ကြိုတင်ခွင့်ပြုချက်တောင်းရမည်ဖြစ်ပြီး ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့်ပွဲအတွက် ဂေါပကအဖွဲ့က ဖွဲ့စည်းထားသည့် ကော်မတီများက ကူညီစီစဉ်ပေးသွားမည်ဟု သိရသည်။ "ပဋ္ဌာန်းရွတ်မယ့်ရပ်ကွက်၊ ဓမ္မစကြာရွတ်မယ့်ဝတ်အသင်းစတဲ့ ရွတ်ဖတ်ပူဇော်မယ့်သူတွေအတွက် ရွတ်ရမယ့်နေ့၊ ရွတ်ရမယ့်နေရာသာမက အသံချဲ့စက်ကအစ စီစဉ်ပေးသွားမှာပါ။ ဒီကာလမှာ ရွှေတိဂုံစေတီတော်မှာ ဓမ္မပူဇာအသံတွေ လွှမ်းခြုံနေမှာဖြစ်ပါတယ်" ဟု ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က ဩဂုတ် ၂၅ ရက်တွင် ပြောကြားခဲ့သည်။ (၆၈၀)

သိမှတ်ဖွယ်ရာ ဖတ်စရာ သတင်းတိုများ

လဝကလုပ်ငန်းများ ဖြေလျှော့မှုများ ထပ်လျှော့

ရန်ကုန် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားအရည်အချင်းပြည့်မီသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်၊ ပြောင်းရွှေ့ခြင်းများကို ကွင်းဆင်းဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ပြုလုပ်ပေးရာ၌ ယခင်က သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိမှသာ ပြုလုပ်ပေးခဲ့သော်လည်း ယခုအခါ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့်ပင် ပြုလုပ်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။ ဇေယျာ(မိုင်ရာ)

ပရဆေးပင်များအသုံးပြုပြီး ဆေးကုသပုံ ဟောပြော

မြို့သစ် ဩဂုတ် ၂၈

မကွေးခရိုင် မြို့သစ်မြို့နယ် တိုင်းရင်းဆေးကုဌာန ပရဆေးစိုက်ခင်းအတွင်း စိုက်ပျိုးထားသော ပရဆေးပင်များကို အသုံးပြုပြီး ရောဂါအမျိုးမျိုးကုသပုံတို့ကို ဒေသခံပြည်သူများအား ဩဂုတ် ၁၂ ရက်က အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၉ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၅၀ တို့အား ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ (ဇော်ဇော်)

ဆောင်ရွက်လျက်ရှိသည့် ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်ဆိပ်ကမ်းနယ်မြေနှင့် သီလဝါဆိပ်ကမ်းနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယနေ့ ရန်ကုန်ဆိပ်ကမ်းနယ်မြေတွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၁၇ စင်း၊ သီလဝါဆိပ်ကမ်းနယ်မြေတွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ခြောက်စင်း စုစုပေါင်း အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၂၃ စင်းရှိပြီး နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီး ၂၃ စင်း တစ်ပြိုင်တည်းဆိုက်ကပ်၍ ကုန်တင်ကုန်ချဆောင်ရွက်နိုင်ကာ တစ်နှစ်လျှင် အများဆုံး ကုန်တန်ချိန် သန်း ၂၀ ခန့်ကို ကိုင်တွယ်နိုင်သည်။

ယခုအခါ ဆိပ်ကမ်းအဆင့်မြှင့်တိုးချဲ့သည့်လုပ်ငန်းနှင့် ရေလမ်းကြောင်းရှင်းလင်းသည့်လုပ်ငန်းများကို စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်း ပြီးစီးပါက အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၄၁ စင်း ရှိလာမည်ဖြစ်ပြီး နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီး ၄၃ စင်း တစ်ပြိုင်တည်း ဆိုက်ကပ်၍ ကုန်တင်ကုန်ချပြုလုပ်နိုင်မည်ဖြစ်ကာ တစ်နှစ်လျှင် ကုန်တန်ချိန် သန်း ၁၀၀ ခန့်အထိ ကိုင်တွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ (ကိုချစ်)

လူငယ်ဖွံ့ဖြိုးမှု အသိပညာပေးလုပ်ငန်း ကျယ်ပြန့်စွာ လွှမ်းခြုံနိုင်စေရန် စီစဉ်ဆောင်ရွက်ထား

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်က လူငယ်များအတွက် ကျန်းမာရေးနှင့် ညီညွတ်ကောင်းမွန်သည့် အလေ့အထများဖြစ်ပေါ်စေရန် ပညာပေးဆောင်ရွက်မှုကို ယခုအခါ ကျယ်ပြန့်စွာ လွှမ်းခြုံနိုင်စေရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ကြောင့် လာမည့်စက်တင်ဘာ ၁ ရက်မှ စတင်ကာ "လူငယ့်ဥယျာဉ်" အစီအစဉ်အဖြစ် အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္လာနေ့တို့တွင် ရွှေ FM လိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို နားထောင်မိသော လူငယ်များအနက်မှ စက်တင်ဘာလဖွား လူငယ်များကို ရွေးဦးစွာ မွေးနေ့ အမှတ်တရလက်ဆောင်များ ထုတ်ပေးရန်ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ မွေးနေ့လက်ဆောင် လာရောက်ထုတ်ယူစဉ် ကျန်းမာရေးနှင့် ပတ်သက်သည့် ဗဟုသုတမေးခွန်းများကို မေးမြန်းသွားမည်ဖြစ်ကြောင်း ယင်းအစီအစဉ်မှ ပြောရေးဆိုခွင့်ရသူ ဒေါက်တာနေဝင်းက ဆိုသည်။ ကြာသပတေးနေ့တွင် ည ၇ နာရီခွဲမှ ၈ နာရီအထိနှင့် တနင်္လာနေ့တွင် ညနေ ၆ နာရီမှ ၆ နာရီခွဲအထိ ထုတ်လွှင့်သွားမည်ဖြစ် ပြီး အနုပညာရှင်များ၊ လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်မှ လူငယ်များက အပတ်စဉ်အလိုက် ခေါင်းစဉ်တစ်ခုစီကို ဆွေးနွေးသည့်ပုံစံမျိုးဖြင့် ပညာပေးသွားမည်ဟု သိရသည်။

"အခု သုံးပတ်လောက်အထိတော့ အသံသွင်းထားပြီးပါပြီ။ ကြာသပတေးနေ့တွေမှာ အစီအစဉ်သစ်ကိုလွှင့်ပြီး အဲဒီကြာသပတေးနေ့မှာ လွှင့်တဲ့ဟာကို တနင်္လာနေ့မှာ ပြန်လွှင့်ပေးသွားမှာဖြစ်ပါတယ်"ဟု ဒေါက်တာနေဝင်းက ရှင်းပြခဲ့သည်။ ယခု ပထမဆုံးထုတ်လွှင့်မည့်အစီအစဉ်တွင် လက်တွေ့ဘဝထဲက လူငယ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စက်တင်ဘာဒုတိယပတ်တွင် ထုတ်လွှင့်မည့်အစီအစဉ်တွင် ရယ်သံများထဲက လူငယ်ခေါင်းစဉ်ဖြင့် ဟာသပုံစံမျိုးကို လည်းကောင်း၊ စက်တင်ဘာ တတိယပတ်တွင် ဖက်ရှင်ဒီဇိုင်းများထဲက လူငယ်ခေါင်းစဉ်ဖြင့် လူငယ်များ ခေတ်နှင့်အညီ ဝတ်ဆင်လာသော ဖက်ရှင်ဒီဇိုင်းများနှင့် ပတ်သက်၍လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုအစီအစဉ်မှာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်က ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံပညာပေးနိုင်စေရန် ၂၅ မိနစ်စာ ယင်းအစီအစဉ်ကို စီစဉ်ထားခြင်းဖြစ်ပြီး လွှမ်းခြုံနိုင်မှုအနေအထားကို ဆန်းစစ်သွားရန်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသွားသည်။ (၆၈၀)

လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိ အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့် ဆုံးရှုံးမှုနည်းအောင်နှင့် ထွက်ရှိလာသော သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းသည် ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောစိုက်ပျိုးပညာပေးစခန်း၌ ကျင်းပသည့် တောင်သူလယ်သမားများအား မိုးစပါးစိုက်ပျိုးရေးအတွက် မျိုးစပါးဖိုးငွေ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တောင်သူများအား မျိုးစပါးဖိုးငွေများကို ပေးအပ်သည်။

ဆက်လက်၍ မွန်းတည့် ၁၂ နာရီတွင် ရွှေဘိုမြို့နယ် ရန်ကြီးအောင်ခန်းမ၌ ကျင်းပသော မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့အတွက် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် လယ်ယာသုံးပစ္စည်း၊ စိုက်ပျိုးစရိတ်ချေးငွေ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး လုပ်ငန်း(၈)ရပ်အနက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် အဓိကသော့ချက် (၅)ချက်ဖြစ်သော အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ အသုံးပြုရေး၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးပြုရေး၊ သွင်းအားစု၊ စိုက်ပျိုးရေးအပါအဝင် ဓာတ်မြေဩဇာ သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျအသုံးပြုရေး၊ မျိုးစေ့၊ သွင်းအားစုအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှုနည်းအောင်ဆောင်ရွက်ရေးနှင့် ထွက်ရှိလာသော သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း။

သို့မှသာ သီးနှံတစ်ဧကအထွက်နှုန်းတိုး၍ ကျေးလက်နေ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် တောင်သူလယ်သမားများ စိုက်ပျိုးရေးအတွက် အခက်အခဲမရှိစေရန်၊ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက မျိုးစပါးအတွက် ထောက်ပံ့ငွေများ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က လယ်ယာသုံးပစ္စည်းများ၊ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုပြီး မိမိတို့ စပါးသီးနှံ တစ်ဧက အထွက်နှုန်းတိုးရေး၊ ဝင်ငွေတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြသွားရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်မောင်းက ဇေယျာပဒေသာဖောင်ဒေးရှင်းကို ထူထောင်ပြီး လယ်သမားများ၊ လက်လုပ်လက်စားများ လုပ်ငန်းဆောင်ရွက်နိုင်ရေး ကူညီပေးသွားမည့် အစီအစဉ်များကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲရာတွင် သတိထားလိုက်နာရမည့်အချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက မိုးစပါးစိုက် တောင်သူလယ်သမား ၅၁ ဦးအား မျိုးစပါးအတွက် ထောက်ပံ့ငွေများကို လည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီးက ကျေးရွာအုပ်စုအလိုက် တောင်သူများထံ လယ်ယာသုံးပစ္စည်း၊ စိုက်ပျိုးစရိတ်ချေးငွေများနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် တောင်သူ ဦးတင် စိုက်ပျိုးထားသော ရွှေဝါထွန်းစပါးမျိုး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ချိပါရွာရှိ တောင်သူ ဦးတင်အောင်ချိုဦး၏ ရွှေဘိုပေါ်ဆန်းစပါးမျိုး စိုက်ခင်း၌ တောင်သူများနှင့်တွေ့ဆုံကာ ခေတ်မီစက်မှုလယ်ယာစနစ် ထူထောင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ဆိပ်ခွန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ စပါးစိုက်တောင်သူများနှင့်တွေ့ဆုံရာ တက်ရောက်လာကြသော တောင်သူများက စပါးစိုက်ပျိုးရေးတွင် တွေ့ကြုံရသော အခက်အခဲများကို တင်ပြကြပြီး ဒုတိယဝန်ကြီးက စိုက်ပျိုးနည်းပညာများ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ရရှိရေးကိစ္စများကို ကူညီဖြေရှင်းပေးပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ခေတ်မီစက်မှုလယ်ယာစနစ် အကောင်အထည်ဖော်ရေးကို ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဝန်ကြီးက တောင်သူလယ်သမားများအား နေပြည်တော်၌ အကောင်အထည်ဖော် ဆောင်ရွက်နေသော ခေတ်မီစက်မှုလယ်ယာစနစ် စံပြစိုက်ခင်းသို့ လာရောက်လေ့လာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ရွှေဘိုမြို့နယ် တောင်သူတစ်ဦးအား မျိုးစပါးအတွက် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၅	၈။	အဆိုပြိုင်ပွဲ
၈း၁၀	၉။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၁၀။	၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား)
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခြင်း)
၅း၀၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၂၀	၈။	၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသမီး)
၅း၃၅	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား (အပိုင်း-၂၁)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ ဒိုင်ယာရီ" (အပိုင်း-၅)**
	၁၉။	အစီအစဉ်ပြီး၏။

ဒုဋ္ဌဝတီ၊ စစ်တောင်းနှင့် သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၈

__ဒုဋ္ဌဝတီမြစ်ရေ__သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၉၀၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၂ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

__စစ်တောင်းမြစ်ရေ__သည် ယနေ့ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၂၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၅ စင်တီမီတာ (သုည ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

__သံလွင်မြစ်ရေ__သည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၂ စင်တီမီတာ (သုည ဒသမ ၇ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တာမွေမြို့နယ် သာသနာနုဂ္ဂဟအသင်း ဝတ်အဖွဲ့ ဒေသနာတော်များ ရွတ်ဆိုပူဇော်ပြိုင်ပွဲတွင် ပထမရ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသည့် ပထမအကြိမ် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ဒေသနာတော်များ ရွတ်ဆိုပူဇော်ပွဲတွင် ပထမရရှိသည့် တာမွေမြို့နယ် သာသနာနုဂ္ဂဟအသင်း ဝတ်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ဆုရဝတ်အသင်းမှ ဆရာမနှင့် အသင်းဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ပထမအကြိမ် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်ဒေသနာတော်များ ရွတ်ဆိုပူဇော်ပြိုင်ပွဲတွင် ရန်ကုန် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ၁၄ မြို့နယ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တာမွေမြို့နယ်က ပထမရရှိခဲ့သည်။ တာမွေမြို့နယ်ဝတ်အဖွဲ့တွင် သင်ကြားပြသသူ ဆရာမ သုံးဦးနှင့် အသင်းဝင် ၂၁ ဦး ပါဝင်ခဲ့သည်။ (ကိုကြီးသာ)

အထက(၁) ရန်ကင်း ရွှေရတုမဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းကို ၁၉၆၁ ခုနှစ် ဇွန် ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ရွှေရတုအထိမ်းအမှတ် မှတ်တိုင်တစ်ခုအဖြစ် နှစ်(၅၀)ပြည့် ရွှေရတုမဂ္ဂဇင်း ထုတ်ဝေသွားမည်ဖြစ်ခြင်းကြောင့် ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ဘာသာပြန် စသည့် စာမူများအား ကျောင်းအုပ်ကြီး၊ အထက (၁) ရန်ကင်း ဖုန်း-၀၁-၅၅၇၅၀၆၊ ဦးဇေယျာကို (ဥက္ကဋ္ဌ) ဖုန်း-၀၁-၆၆၆၈၉၅၊ ၀၉-၅၁၆၇၇၅၆ နှင့် ဦးကျော်နိုင်ဝင်း (အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀၃၇၉၆၃ တို့သို့ စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်သည်။

(ကြေးမုံ)

မြန်မာ့ယဉ်ကျေးမှုပွဲတော်များကို ဖော်ကျူးသော ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာ့ယဉ်ကျေးမှုနှင့် တိုင်းရင်းသားရိုးရာပွဲတော်များ၊ ပွဲလမ်းသဘင်များ၊ မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာများနှင့် မြန်မာ့ဓလေ့စရိုက်များကို ဖော်ကျူးသော ဓာတ်ပုံပြိုင်ပွဲနှင့် ပြပွဲကို ဗြိတိသျှကောင်စီနှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပွဲတော်များနှင့် မြန်မာ့ယဉ်ကျေးမှုကို ဖော်ကျူးသော ဓာတ်ပုံများကို တင်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးသည် ဓာတ်ပုံ ၁၀ ပုံအထိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။ ဓာတ်ပုံကို Kodak Paper ဖြင့်၁၂×၁၈ လက်မအရွယ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်တစ်ဦးသည် ပထမ၊ ဒုတိယ၊ တတိယဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆုအရေအတွက် အကန့်အသတ်မရှိ ခံစားခွင့်ရှိသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကိုအောက်တိုဘာ ၁၀ ရက် နောက်ဆုံးထား၍ ဗြိတိသျှကောင်စီ အမှတ်(၇၈) ကမ်းနားလမ်း စာတိုက်သေတ္တာအမှတ် (၆၃၈) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၆၅၈၊ ၀၁-၂၅၆၂၉၀၊ ၀၁-၂၅၆၂၉၁(လိုင်းခွဲ) ၃၃၁၁၊ ၃၃၂၈၊ ၃၃၃၃ ရုံးချိန်အတွင်းနှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အမှတ်(၂၇-၂၉) (၃၅) လမ်း (အောက်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၁၆၇ တို့သို့ ရုံးဖွင့်ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ စုံစမ်းမေးမြန်း ပေးပို့နိုင်သည်။ (ကိုကြီးသာ)

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၄)ရပ်ကွက် ကျွန်းရွှေဝါ ခြင်းလုံးရုံ၌ ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် နဝမအကြိမ်မြောက် မိတ်ဟောင်းမိတ်သစ်တွေ့ဆုံပွဲ ကျင်းပရာ မြန်မာ့ရိုးရာခြင်းလုံးကစားနည်းဖြင့် အမျိုးသား၊ အမျိုးသမီးအဖွဲ့လိုက် အလှပြကစားနည်းမျိုးစုံဖြင့် ပြိုင်ပွဲကျင်းပစဉ်။

(သဲမောင်)

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း ပြည်နယ်တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ထားရှိမှု အခြေအနေ ရှင်းလင်းတင်ပြခြင်းနှင့် ပြည်သူ့ဆန္ဒသဘောထားများ မေးမြန်းတင်ပြချက်အပေါ် ဖြေကြားခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ပြည်နယ်တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ထားရှိမှုအခြေအနေရှင်းလင်းခြင်းနှင့် ပြည်သူ့ဆန္ဒသဘောထားများ မေးမြန်းတင်ပြချက်အပေါ် ဖြေကြားခြင်းအခမ်းအနား ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေ ရှင်းလင်းတင်ပြခြင်းနှင့် ပြည်သူ့ဆန္ဒသဘောထားများ မေးမြန်းတင်ပြချက်အပေါ် ဖြေကြားခြင်း အခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ကချင်အတိုင်ပင်ခံအဖွဲ့၊ စာနယ်ဇင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ UN, NGO, INGO များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်က ကချင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များဆောင်ရွက်ထားရှိမှု၊ KIO (ကချင်အဖွဲ့)နှင့် ညှိနှိုင်းဆောင်ရွက်နေမှုနှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်ဘောက်ဂျာက ကျေးလက်ဒေသများမှ လုံခြုံရေးအရ ပြောင်းရွှေ့ရောက်ရှိလာကြသည့် ပြည်သူများအား ပြည်နယ်အစိုးရနှင့် အဖွဲ့အစည်းများက စခန်းများ ဖွင့်လှစ်နေရာချထားမှု၊ စားဝတ်နေရေးကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာသင်ကြားခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ သတင်းထောက်များ၊ မြို့မိမြို့ဖများ၏ ပြည်သူ့ဆန္ဒသဘောထားများ၊ မေးမြန်းချက်များနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်မြေစာရင်းဦးစီးဌာနဦးစီးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။ (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးတို့ပူးပေါင်း၍ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲ (Seminar on Trade and Investment Opportunities in Myanmar) ကို ရန်ကုန်မြို့၌ စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ ကုန်သည်/စက်မှုအသင်းချုပ်သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဩဂုတ် ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် 14th TERM ASEAN FEDERATION OF PLASTIC INDUSTRIES (AFPI) COUNCIL အစည်းအဝေးနှင့် ပြပွဲသို့ တက်ရောက်ရန် ထွက်ခွာသွားသော မြန်မာနိုင်ငံ ပလတ်စတစ် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်၊ အထွေထွေအတွင်းရေးမှူး ဦးတင်ထွဋ်နှင့် အလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးမောင်မောင်လေးနှင့် ဦးမြင့်သိန်းတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။
(သတင်းစဉ်)

✻ ကျောဖုံးမှ

ဖြစ်ပွားမှုအပေါ် ထင်ထင်ရှားရှား အကျိုးသက်ရောက်မှုများ ရှိခဲ့ရသည်။

သို့ရာတွင် ခြင်ထိန်းချုပ်မှုစနစ်များ ကျင့်သုံးမှုနည်းပါးသော အချို့သော အာဖရိကနိုင်ငံများ၌လည်း ငှက်ဖျားပိုးသယ်ဆောင်နိုင်သောခြင်များ ပျောက်ကွယ်လာသည်ကို တွေ့မြင်ရကြောင်း သုတေသနပညာရှင်များက ငှက်ဖျားရောဂါဆိုင်ရာ ဂျာနယ်တစ်စောင်၌ ရေးသားတင်ပြခဲ့ကြသည်။

ငှက်ဖျားရောဂါပိုး သယ်ဆောင်သော ခြင်များ အမြစ်ပြတ်သုတ်သင်ခံရသလော သို့မဟုတ် ယင်းသတ္တဝါများ ပုံစံသစ်ဖြင့် အာဖရိကတိုက်အတွင်း ထပ်မံပျံ့နှံ့ဦးမည်လော ဟူသည့် အချက်များအား သိပ္ပံပညာရှင်များအနေဖြင့် ဝေခွဲ၍ မရနိုင်သေးကြောင်း သိရသည်။

ခြင်များ ရုတ်တရက် ပျောက်ကွယ်လာမှုကြောင့် တန်ဇန်းနီးယား၊ အီရစ်ထရီးယား၊ ရဝမ်ဒါ၊ ကင်ညာနှင့် ဇမ်ဘီယာနိုင်ငံများ၌ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာကြောင်း ကိန်းဂဏန်း အချက်အလက်များအား အထောက်အထားပြု၍ သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြသည်။

သိပ္ပံပညာရှင်များသည် တန်ဇန်းနီးယားနိုင်ငံ၌ ထောင်ချောက် ထောင်ပေါင်းများစွာချ၍ ခြင်များကို ဖမ်းဆီးပြီး ကောင်ရေ ရေတွက်မှုလုပ်ဆောင်ခဲ့ရာ ၂၀၀၄ ခုနှစ်၌ ခြင်ကောင်ရေ ၅၀၀၀ ကျော် ဖမ်းဆီးနိုင်ခဲ့သော်လည်း ၂၀၀၉ ခုနှစ်တွင်မူ ၁၄ ကောင်ကိုသာ ဖမ်းဆီးနိုင်ခဲ့သည်။

ခြင်ကောင်ရေ ကျဆင်းလာမှု၏ အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်နိုင်ဖွယ်ရှိသည့်အချက်မှာ ရာသီဥတုပြောင်းလဲမှုဖြစ်သည်ဟု ဆိုသည်။ ပြီးခဲ့သည့်နှစ်များအတွင်းက ခြင်ကောင်ရေကျဆင်းလာခဲ့ရာ တန်ဇန်းနီးယားနိုင်ငံဒေသများ၌ မိုးရွာသွန်းမှုပုံစံမှာ ကမောက်ကမဖြစ်ခဲ့ရသည်။

အဆိုပါ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ခြင်များ ပေါက်ဖွားပျံ့နှံ့မှုဆိုင်ရာ သဘာဝသံသရာမှာလည်း ကမောက်ကမဖြစ်ခဲ့ရပုံ ပေါ်ကြောင်း သိပ္ပံပညာရှင်များက မှန်းဆခဲ့ကြသည်။
(ဘာသာပြန်-မောင်ငြိမ်း)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော်(ရေဆင်း)	**သုည**	**ဒသမ**	**၉၁**	**လက်မ**
ကော့သောင်း	**၄**	**ဒသမ**	**၀၆**	**လက်မ**
သိမ်ဇရပ်	**၃**	**ဒသမ**	**၃၁**	**လက်မ**
ကိုကိုးကျွန်း	**၃**	**ဒသမ**	**၂၂**	**လက်မ**
ညောင်လေးပင်	**၂**	**ဒသမ**	**၉၁**	**လက်မ**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဝိပဿနာအလုပ်ပေး" တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီအရှင်ဝါယာမိန္ဒ)
- ၆း၄၀ ဆည်းကပ်တိုင်းအကျိုးစုံသည် တန်ခိုးဂုဏ်ကြီးမြတ်လှတဲ့ မဟာသံ့ဃာရရုပ်ရှင်တော်မြတ်
- ၆း၅၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၁၀)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှဉ်းပြိုင်"(အပိုင်း-၅၂)**
- ၈း၅၀ Activities In The City
- ၉း၀၀ အသည်းရောဂါနှင့် ဆောင်ရန်ရှောင်ရန်အချက်များ [ပါမောက္ခခင်မောင်ဝင်း (အသည်း)]
- ၉း၂၀ ဖန်တီးသူ၏ပညာစွမ်းမှသည် လှပသောဘဝများဆီသို့
- ၉း၄၅ စာအုပ်ပြခန်း
- ၁၀း၁၀ A Journey to Korea (Part-3)
- ၁၀း၃၅ The Champion of Dance
- ၁၁း၁၀ Celebrity Choice
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ (မြင်းမူမောင်နိုင်မိုး)
- ၁၂း၄၀ နိဗ္ဗာန်သို့ရည်မှန်း ကုသိုလ်ယူ မြတ်သောအလှူ
- ၁း၀၀ "ဝိပဿနာအလုပ်ပေး" တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီအရှင်ဝါယာမိန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၂း၄၀ တူနှိုင်းမရ (ဦးဝင်းမြိုင်၊ အရိုင်းမင်း၊ မျိုးကြည်၊ တိုးမြတ်နိုးဝေ) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
- ၃း၀၀ တော်ဝင်မိသားစုနှစ်ပတ်လည် ငွေရတုမင်္ဂလာ
- ၃း၁၅ Activities In The City
- ၃း၂၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၁၀)**
- ၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှဉ်းပြိုင်"(အပိုင်း-၅၂)**
- ၅း၁၀ စိတ်တိုင်းကျဝန်ဆောင်မှုအစစ် THITSAAIRCON SERVICE
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၁၁)**
- ၇း၁၀ ezy ACOUSTIC SHOW (Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (မင်္ဂလာဆောင်တာ ကောင်းတယ်၊ မင်္ဂလာမဆောင်တာ ကောင်းတယ်၊
- ၉း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှဉ်းပြိုင်"(အပိုင်း-၅၃)**
- ၁၀း၃၀ Sunday Talk (ဒါရိုက်တာကြည်စိုးထွန်း၊ မျိုးမြတ်သူ)
- ၁၁း၀၀ ဗီဒီယိုပြခန်း
- ၁၁း၁၅ အနုပညာမိုးကောင်းကင်
- ၁၁း၃၅ World Championships in Athelics Daegu
- ၁၂း၃၅ International Show Biz
- ၁၂း၅၀ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
- ၁း၁၀ ဈေးဝယ်လမ်းညွှန် (မကွေး Shopping Mall)
- ၁း၂၅ လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခဒေါက်တာ မြင့်မောင်မောင်)
- ၁း၄၅ Celebrity Profile(Rain)
- ၂း၁၅ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
- ၂း၃၅ ဘယ်သူ့ကိုအချစ်ဆုံးလဲ
- ၂း၅၀ မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
- ၃း၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၁၀ ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
- ၄း၃၀ မြန်မာ့လက်မှု အနုလက်ရာစုံစွာ . . .
- ၄း၄၀ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
- ၄း၅၀ ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား
- ၅း၀၀ အစီအစဉ်ပြီး၏။



ပြောင်းလဲတိုးတက်လာသော တရုတ်-ရုရှားဆက်ဆံရေးနှင့် မဟာဗျူဟာအရေးပါလာနိုင်မှု အလားအလာစာအုပ် ထုတ်ဝေ

အုန်းမြင့်(မဟာဝိဇ္ဇာ) ရေးသားပြုစုသည့် ပြောင်းလဲတိုးတက်လာသော တရုတ်-ရုရှား ဆက်ဆံရေးနှင့် မဟာဗျူဟာအရေးပါလာနိုင်မှု အလားအလာ စာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေလိုက်သည်။

ထိုစာအုပ်တွင် အခန်းခုနစ်ခန်းပါဝင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်-ရုရှား ဆက်ဆံရေး နောက်ခံသမိုင်း၊ ပြောင်းလဲလာသော တရုတ်-ရုရှား ဆက်ဆံရေး၊ တရုတ်-ရုရှား-အမေရိကန် သုံးပွင့်ဆိုင်ဆက်ဆံရေး၊ တရုတ်-ရုရှားဆက်ဆံရေး၏ မဟာဗျူဟာအရေးပါလာမှု အလားအလာနှင့် အဆိုပါအကြောင်းအရာများအပေါ် သုံးသပ်ချက်များဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံကြီး သုံးနိုင်ငံ၏ ယနေ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး အခြေအနေများကို ပြည့်စုံစွာ တင်ပြထားသည်။

၎င်းစာအုပ်ကို ဦးဝင်းချို(မူဝံစာအုပ်တိုက်)က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

အရိုးအဆစ်ကျီးပေါင်းရောဂါစာအုပ် ထုတ်ဝေ

ဒေါက်တာဆရာမြင့် (စကြာမင်း)၏ "အရိုးအဆစ်ကျီးပေါင်းရောဂါ လေ့ကျင့်ကာကွယ်ကုသနည်းများ" စာအုပ်ကို မြင့်မြတ်မြန်မာစာပေမှ စီစဉ်၍ ရန်အောင်စာပေက ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိသည်။

ထိုစာအုပ်တွင် ကျောရိုးတည်ဆောက်ပုံ၊ လူ့ကျောရိုးနှင့် ခါးဆစ်ရိုးအကြောင်း သိကောင်းစရာ၊ ခါးနာခြင်းနှင့် လည်ပင်းနာခြင်းမဖြစ်စေရန် လိုက်နာကျင့်သုံး နေထိုင်သင့်သည့် မှန်ကန်သည့်ကိုယ်ဟန် အနေအထားများ၊ လေ့ကျင့်ခန်းပြုလုပ်ရာ၌ ကြိုတင်ကာကွယ်သင့်သည့် အချက်များ၊ လည်ပင်း(ကုပ်ဆက်)၊ ပခုံး၊ ကျောကုန်း၊ ကျီးပေါင်းရောဂါနှင့် တောင့်တင်းနာကျင်မှုများကို ပြေပျောက်စေသည့် လေ့ကျင့်ခန်းများ၊ လည်ပင်း(ကုပ်ဆက်)၊ ပခုံးနှင့် ကျောကုန်းအထက်ပိုင်း ကျီးပေါင်းရောဂါနှင့် တောင့်တင်း နာကျင်မှုများကို ပြေပျောက်စေသည့် နှိပ်နယ်နည်းများ၊ လည်ပင်း(ကုပ်ဆက်) နှင့် ဆက်စပ်နေသည့် ကြွက်သားများကို သန်မာအောင်ပြုလုပ်နည်း၊ လည်ပင်း (ကုပ်ဆက်)ရိုး၊ အဆစ်များ၊ အရိုးနုချပ်ပြားဝိုင်းများ၏ လုပ်ငန်းများ ယိုယွင်းပျက်စီးရခြင်းအကြောင်း၊ ကုသနည်းများ၊ နာကျင်မှုသက်သာစေရန် ဆေးစားခြင်း၊ အပူပေးသည့် ကုထုံးနည်းပေါင်းများစွာ ပါဝင်သည့် စာအုပ်ဖြစ်သည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ပြီး ရန်အောင်စာပေ ဖုန်း-၇၂၂ ၅၇၂ မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

Prof. Dr. Tin Aung Aye စာအုပ်ထုတ်ဝေဖြန့်ချိ

ပရော်ဖက်ဆာ ဒေါက်တာ တင်အောင်အေး (Prof. Dr. Tin Aung Aye) ၏ INTERPRETATION OF STATUTE LAW AND TREATY (Second Edition) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်ကို ရန်ကုန်မြို့ စေတနာစာပေက ပုံနှိပ်၍ ဦးကြည်စန်းက ထုတ်ဝေဖြန့်ချိကြောင်း သိရသည်။



ရေနံ့သာမောင်ကျော်ညွန့်၏ စစ်ပါရဂူ စစ်သရဖူဆောင်း မြန်မာ့သူရဲကောင်း ကဗျာစာအုပ် ထုတ်ဝေဖြန့်ချိ

ရေနံ့သာမောင်ကျော်ညွန့်၏ စစ်ပါရဂူ စစ်သရဖူဆောင်း မြန်မာ့သူရဲကောင်း (မင်းကြီးမဟာဗန္ဓုလ) ကဗျာစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အဆိုပါစာအုပ်မှာ (၅၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ ကဗျာရှည် ပထမဆုရစာအုပ်ဖြစ်ကာ ရေနံ့သာစာပေက စာအုပ်တန်ဖိုး ငွေကျပ် ၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ပြည်တွင်းပြည်ပအားကစားသတင်းများ

အောင်ပွဲရ ရှမ်းပြည်နယ်အမျိုးသား ဘော်လီဘောအသင်းအား ဂုဏ်ပြု

နေပြည်တော် ဩဂုတ် ၂၈

၂၀၁၁ ခုနှစ် (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဒိုင်းရရှိခဲ့သော ရှမ်းပြည်နယ် အမျိုးသားဘော်လီဘောအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၁၁ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲတွင်ရရှိခဲ့သော ပထမတံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းတို့ကို ဘော်လီဘောအားကစားအဖွဲ့ ခေါင်းဆောင်နှင့် အုပ်ချုပ်သူတို့က ပြည်နယ်ဝန်ကြီးချုပ်ထံအပ်နှံကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်ပွဲရ အမျိုးသားဘော်လီဘောအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၆ သိန်းနှင့် အကောင်းဆုံးဆုရ မောင်သိန်းဟန်အား ဂုဏ်ပြုဆုငွေကျပ်ငါးသောင်းတို့ကို ဂုဏ်ပြုချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့်က တတိယဆုရ အမျိုးသမီးဘော်လီဘောအသင်းအား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်း၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က ပြည်နယ်ဂုဏ်ဆောင် ရွေတံဆိပ်ဆုရ အားကစားသမား ၁၀ ဦးတို့အား ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (သတင်းစဉ်)

မုံရွာဇုန် တက္ကသိုလ်၊ ဒီဂရီကောလိပ် ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်

မုံရွာ ဩဂုတ် ၂၈

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မုံရွာဇုန်တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားအဓိဋ္ဌာန် သံပြိုင်ရွတ်ဆိုကြသည်။ ထို့နောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပပြီး မုံရွာစီးပွားရေးတက္ကသိုလ်အသင်းနှင့် ရွှေဘိုတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် မုံရွာစီးပွားရေးတက္ကသိုလ်အသင်းက ရွှေဘိုတက္ကသိုလ်အသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ရွှေဘိုတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် ကလေးတက္ကသိုလ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၀ သင်းဖြင့် ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

Champion Challenge Cup ပြိုင်ပွဲများ နေပြည်တော်၌ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အားကစားသမားများ အင်ပြည့်အားပြည့်၊ စွမ်းအားပြည့် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် အရည်အချင်းပြည့်ဝသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup ပြိုင်ပွဲများဖြစ်သည့် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ လည်းကောင်း၊ ဘီလိယက်နှင့် စနူကာပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဘီလိယက်နှင့် စနူကာခန်းမ၌လည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို နေပြည်တော် ပျဉ်းမနားရှိ ကန်တော်မင်္ဂလာခန်းမ၌လည်းကောင်း စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့လက်ရွေးစင် ရေကူးအသင်း ပူးတွဲလေ့ကျင့်ရန် တရုတ်သို့သွားမည်

ရန်ကုန် ဩဂုတ် ၂၈

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထူးချွန်အောင်မြင်စွာ ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ရန်အတွက် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများဖြစ်ကြသော ရေကူးအားကစားနည်းတွင် ရဲမြင့်ဟိန်း၊ သီဟအောင်၊ ဇင်မောင်ထက်၊ မင်းသုခ၊ တင်ကျော်လင်း၊ အိအိသက်၊ နန်းခမ်းမြတ်ခြူးနှင့် ကေဇင်ဝင်း၊ ဒိုင်ဗင်အားကစားနည်းတွင် နောင်ဂျာခိုင်၊ မောင်ကြည်၊ ပြည့်ဖြိုးပိုင်၊ ဇွဲသက်ဦး၊ စိုးစန္ဒာညွန့်နှင့် ပေမာနှင်း၊ အသင်းခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်သန္တာစိုး၊ အုပ်ချုပ်သူ ရေကူးအဖွဲ့ချုပ်စကားပြန် ဒေါ်သန်းသန်းမြင့်၊ နည်းပြ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Hung Shao Hua နှင့် Gui Hioa Seng တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးပြည်နယ် နန်နင်းမြို့၌ စက်တင်ဘာ ၃ ရက်မှစ၍ တစ်လခွဲကြာ ပူးတွဲလေ့ကျင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပသည့် ကမ္ဘာ့တံခွန်စိုက် ဂျူဒိုပြိုင်ပွဲ အမျိုးသား ၉၀ ကီလိုတန်း၌ ဆုရရှိသွားကြသော ဂျပန်မှ ဒိုင်ကီနီရှီယာမာ (ငွေ)၊ဂရိမှအီလီယပ်စ် အီလီယာဒစ် (ရွှေ)၊ ဂျပန်မှတကာရှီအိုနို(ကြေး)နှင့် ကျူးဘားမှ အက်စ်လေဂွန်ဇာလက်စ် (ကြေး) (ဝဲမှယာ) တို့အား ဩဂုတ် ၂၆ ရက်ကဆုယူအပြီး တွေ့ရစဉ်။ (ဆင်ဟွာ)

ချယ်လ်ဆီး၊ အာဆင်နယ်နှင့် စတုတ်တို့ ကစားသမားသစ်ခေါ်ယူ မီကာရက်ချ်ချက် မန်စီးတီးနှင့် စာချုပ်သက်တမ်းတိုး

လန်ဒန် ဩဂုတ် ၂၈

နွေရာသီအပြောင်းအရွှေ့ရာသီပိတ်သိမ်းရန် နီးကပ်လာချိန်တွင် အင်္ဂလိပ်ပရီမီယာလိဂ်အသင်းများဖြစ်သည့် ချယ်လ်ဆီး၊ အာဆင်နယ်နှင့်စတုတ်စီးတီးတို့သည် ကစားသမားသစ်ထပ်မံခေါ်ယူကာ စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ယင်းအပြင် မန်စီးတီးအသင်းသည်လည်း ၎င်းတို့၏ နောက်ခံကစားသမား မီကာရက်ချ်ချက်ကို စာချုပ်သက်တမ်းတိုး ချုပ်ဆိုလိုက်သည်။

ချယ်လ်ဆီး

ပြိုင်ဆိုင်မှုပြင်းထန်သည့် ပရီမီယာလိဂ်တွင် ရလဒ်ကောင်းရန် ရုန်းကန်နေရသည့် ချယ်လ်ဆီးအသင်းသည် မက္ကဆီကို ယူ-၂၀ လက်ရွေးစင်ကစားသမား အူလီဆက်စ်ဒါဗီလာကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည်။

အသက်(၂၀)သာရှိသေးသည့် အဆိုပါ မက္ကဆီကိုသားသည် မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်ကဲ့သို့ မက္ကဆီကိုရှိ ချီဗက်စ် ဘောလုံးအကယ်ဒမီ ကျောင်းထွက်ဖြစ်သည်။ ဥရောပအသင်းကြီးများ၏ စောင့်ကြည့်ခြင်းကို ခံခဲ့ရသည့် အူလီဆက်စ်ဒါဗီလာသည် ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပိုမိုထက်မြက်မှုရှိလာကြောင်း ချယ်လ်ဆီးအသင်း၏ နည်းစနစ်ဒါရိုက်တာ မိုက်ကယ်အီမီနာလိုက ဆိုသည်။ အူလီဆက်စ်ဒါဗီလာသည် ယခုနှစ် နွေရာသီတွင် ချယ်လ်ဆီးအသင်းက ခေါ်ယူလိုက်သည့် ငါးဦးမြောက် ကစားသမားဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီး အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရန် ရုန်းကန်ရဦးမည်ဖြစ်သည်။

အာဆင်နယ်

ထိပ်တန်းကစားသမားများကို လက်လွှတ်လိုက်ရသည့် အာဆင်နယ်အသင်းသည် ယခုအချိန်တွင် တောင်ကိုရီးယားအသင်းခေါင်းဆောင် ပတ်ခ်ချူယောင်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီဟုသိရသည်။

အာဆင်နယ်အသင်းသည် အသက် (၂၆)နှစ်ရှိ ပတ်ချ်ချူယောင်ကို လိုင်လီအသင်းထက် လက်ဦးမှုရယူကာ ယူရိုသုံးသန်း(၂ ဒသမ ၆ ပေါင်)ဖြင့် ခေါ်ယူရန် သဘောတူခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ သို့သော် အခြားသတင်း တစ်ခုကမူ ပတ်ခ်ချူယောင်၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၀ သန်းဖြစ်ဖွယ်ရှိသည်ဟု ဖော်ပြထားသည်။

ချယ်လ်ဆီးအသင်းက ခေါ်ယူလိုက်သည့် အူလီဆက်ဇ်ဒါဗီလာ။



အာဆင်နယ်သို့ရောက်လာသည့် ပတ်ခ်ချူယောင်။

မန်စီးတီးနှင့် စာချုပ်သက်တမ်းတိုးလိုက်သည့် မီကာရက်ချ်ချက်။

စတုတ်စီးတီး

စတုတ်စီးတီးအသင်းသည် စပါးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိသည့် ကွင်းလယ်ကစားသမား ပလာစီယို့စ်ကို ပေါင် ၇ ဒသမ ၉ သန်းဖြင့် ခေါ်ယူစာချုပ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် စတုတ်စီးတီးအသင်းသည် စပါးအသင်းမှပင် တိုက်စစ်မှူးပီတာခရော့ချ်ကို ပေါင် ၁၀ သန်းဝန်းကျင်ဖြင့် ထပ်မံခေါ်ယူရန် ပြင်ဆင်နေသည်။ စတုတ်စီးတီးအသင်းသည် ယူရိုပါလိဂ်ဝင်ခွင့်ရရှိထားပြီး အုပ်စု(E)တွင် ဒိုင်နမိုကီယက်၊ ဘက်ဆက်တစ်၊ တဲလ်အဗစ်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ သို့အတွက်ကြောင့် စတုတ်စီးတီးသည် ပရီမီယာလိဂ်တွင် တန်းမဆင်းရရေးသာမက ယူရိုပါလိဂ်တွင်ပါ အောင်မြင်မှုရရှိရန် ကစားသမားသစ်များ ခေါ်ယူဖြည့်တင်းနေခြင်းဖြစ်သည်။

စာချုပ်သက်တမ်းတိုး

မန်စီးတီးအသင်းသည် ၎င်းတို့၏ နောက်ခံကစားသမား မီကာရက်ချ်ချက်ကို လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ထပ်မံတိုးမြှင့်ချုပ်ဆိုလိုက်ပြီဖြစ်သည်။

ညာနောက်ခံကစားသမား မီကာရက်ချ်ချက်သည် မန်စီးတီးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရပြီး ခြေစွမ်းပြနေသကဲ့သို့ အင်္ဂလန်အသင်း၏ လူစာရင်းတွင်လည်း ပြန်လည်ရွေးချယ်ခြင်း ခံထားရသူဖြစ်သည်။

အင်တာနက်။

ဟန်သစ်

ပရီမီယာလိဂ် ပွဲစဉ်(၃) ရလဒ်များ

နယူးကာဆယ်	၂-၁	ဖူလ်ဟမ်
စပါး	၁-၅	မန်စီးတီး
ဝက်စ်ဘရွန်း	၀-၁	စတုတ်စီးတီး
မန်ယူ	၈-၂	အာဆင်နယ်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ မိုးပိုမည်

နေပြည်တော် ဩဂုတ် ၂၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော် (ရေဆင်း)တွင် သုည ဒသမ ၉၁ လက်မ၊ ကော့သောင်းမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၂၂ လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ပေါက်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ထီးလင်းမြို့တွင် ၂ ဒသမ ၅၄ လက်မ၊ စဥ့်ကူးမြို့တွင် ၂ ဒသမ ၅၀ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၂ ဒသမ ၃၄ လက်မ၊ ရွှေဘိုမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မုံရွာမြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၅၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင် ။ ။မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သာစည်ပင်မဓာတ်အားခွဲရုံနှင့် သပြေဝ(မိတ္ထီလာ) ပင်မဓာတ်အားခွဲရုံ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သာစည် ပင်မဓာတ်အားခွဲရုံ (Switch Yard) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး သာစည်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအားတွေ့ဆုံ၍ ဓာတ်အားပြတ်တောက်မှု မရှိစေရေး၊ လျှပ်စစ်နှင့်ပတ်သက်သည့် ပြည်သူ့လိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးရေး၊ ဝန်ထမ်းကောင်း ပီသစွာနေထိုင်ရေး၊ မခိုမကပ်ကြိုးပမ်းလုပ်ဆောင်ရေးတို့ကို မှာကြားပြီး ဓာတ်အားခွဲရုံ (Switch Yard) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သပြေဝ (မိတ္ထီလာ) ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ခွဲရုံအတွင်း Control Room ၌ Computer စနစ်ဖြင့် ထိန်းချုပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

အာဖရိကဒေသအချို့၌ ငှက်ဖျားပိုးသယ်သည့် ခြင်များ ပျောက်ကွယ်လာ

ဒါရက်ဆလမ် ဩဂုတ် ၂၈

အာဖရိကတိုက်ဒေသအချို့၌ ငှက်ဖျားပိုး သယ်ဆောင်နိုင်သော ခြင်များ ပျောက်ကွယ်လာလျက်ရှိရာ အဘယ်ကြောင့် ယင်းသို့ ဖြစ်ရသည်ကို သိပ္ပံပညာရှင်များအနေဖြင့် ဝေခွဲမရ ဖြစ်နေကြရကြောင်း ဩဂုတ် ၂၇ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အချို့သော ဆာဟာရဒေသနိုင်ငံများ၌ ခြင်ကာကွယ်ရေး ခြင်ထောင်များ အသုံးပြုခြင်းကဲ့သို့သော ခြင်ထိန်းချုပ်ရေးစနစ်များ သုံးစွဲမှုကြောင့် ငှက်ဖျားရောဂါ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

စည်းကမ်းမဲ့ အားကစားပရိသတ်များအား ထိရောက်စွာ အရေးယူမည်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်မြို့ သုဝဏ္ဏလူငယ်အားကစားကွင်း၌ ဇူလိုင် ၂၈ ရက်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲ မြန်မာ-အိုမန် ဘောလုံးပွဲစဉ်တွင် စည်းကမ်းမဲ့ အားကစားဘောလုံးပရိသတ်ကြောင့် ဘောလုံးပွဲကို ရပ်ဆိုင်းလိုက်ရသည်အထိ ဖြစ်ခဲ့ရပြီး ဖြစ်သည်။

ပြည်တွင်း မြန်မာနေရှင်နယ်လိဂ်(MNL) ပြိုင်ပွဲများ၊ မြန်မာနိုင်ငံက စက်တင်ဘာ ၈ ရက်မှ ၂၀ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲအပါအဝင် အခြားဖိတ်ခေါ်ပြိုင်ပွဲများစသည့် ဘောလုံးပြိုင်ပွဲများတွင် နိုင်ငံနှင့် လူမျိုး၏သိက္ခာကို ထိပါးစေမည့် အဆိုပါ ဖြစ်ရပ်မျိုးများ ထပ်မံမဖြစ်ပွားရေးအတွက် လိုအပ်သည်များကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်းနှင့် စည်းကမ်းမဲ့ ဘောလုံးပရိသတ်ကိုလည်း ပြစ်ဒဏ်များ ထိရောက်စွာ ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဥမ္မာသန့်-သတင်းစဉ်)

အားကစား

ဒေဂူကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ ခြေမဲ့အပြေးသမားအစွမ်းပြ

မီတာ ၁၀၀ ဗိုလ်လုပွဲတွင် အမြန်ဆုံးလူသား 'ဘို့' အထုတ်ခံရ

ဒေဂူ(တောင်ကိုရီးယား) ဩဂုတ် ၂၈

တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့တွင် ယနေ့ဆက်လက်ကျင်းပသည့် ကမ္ဘာ့ပြေးခုန်ပစ်တံခွန်စိုက်ပြိုင်ပွဲ မီတာ ၄၀၀ လူရွေးပွဲတွင် လက်ရှိချန်ပီယံ လာရှောင်းမားရစ်က ၄၄ ဒသမ ၃၅ စက္ကန့်ဖြင့် တစ်နှစ်တာအတွင်း အကောင်းဆုံးစံချိန်နှင့်အတူ ထိပ်ဆုံးသို့ရောက်ရှိသွားသကဲ့သို့ တောင်အာဖရိကမှ ခြေနှစ်ဖက်ပြတ်အပြေးသမား အော်စကာပစ္စထရီးယပ်စ်ကလည်း နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ပေကျင်းမသန်စွမ်း အိုလံပစ်တွင် မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ ပြိုင်ပွဲများ၌ ရွှေဆုများ ဆွတ်ခူးထားခဲ့သူ အသက်(၂၄) နှစ်အရွယ်ရှိ အော်စကာပစ္စထရီးယပ်စ်သည် ယခုပြိုင်ပွဲ၌ ၄၅ ဒသမ ၃၉ စက္ကန့်ဖြင့် တတိယနေရာမှ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

တန်းကျော်ပြေးပွဲ

ကမ္ဘာ့အကောင်းဆုံး တန်းကျော်အပြေးသမား သုံးဦးတို့က ဒေဂူကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲတွင်လည်း ၎င်းတို့သာလျှင် အလျင်မြန်ဆုံးဖြစ်ကြောင်း ထပ်မံ၍ သက်သေပြလိုက်သည်။

အမေရိကန်မှ တန်းကျော်အပြေးကြယ်ပွင့်သစ် ဂျေဆန်ရစ်ချတ်ဆန်က ၁၃ ဒသမ ၁၉ စက္ကန့်ဖြင့် အကောင်းဆုံးစွမ်းရည်ပြသွားသကဲ့သို့ တရုတ်မှ မီတာ ၁၁၀ တန်းကျော် ကမ္ဘာ့ချန်ပီယံနှင့် အိုလံပစ်ချန်ပီယံဟောင်း လျူရှီအန်က ၁၃ ဒသမ ၂၀ စက္ကန့်ဖြင့် လည်းကောင်း၊ အမေရိကန်မှ ဒေးဗစ်အိုလီဗာက ၁၃ ဒသမ ၂၇ စက္ကန့်ဖြင့် တတိယနေရာမှ လည်းကောင်း၊ အေးရီးစ်မားရစ်က ၁၃ ဒသမ ၃၆ စက္ကန့်၊ ကျူးဘားမှ ဒေးရွန်ရိုဘယ်လ်စ်က ၁၃ ဒသမ ၄၂ စက္ကန့်ဖြင့် လည်းကောင်း နောက်တစ်ဆင့်သို့ တက်ရောက်သွားကြသည်။ **(အပေါ်ပုံ)**

အမြန်ဆုံးလူသား၏ မီတာ ၁၀၀

ကမ္ဘာ့အမြန်ဆုံး လူသားဟု တင်စားကြသည့် ကမ္ဘာ့အားကစားလောက၏ တောက်ပသော ငွေကြယ်တစ်ပွင့်ဖြစ်သူ ဂျမေကာနိုင်ငံသား အူစိန်ဘို့သည် စနေနေ့ည ကွင်းဖွင့်ပွဲအပြီးပြုလုပ်သည့် အမျိုးသား မီတာ ၁၀၀ လူရွေးပွဲတွင် ပရိသတ်ကြီး၏ လက်ခုပ်ဩဘာ အားပေးမှုကို ခံယူကာ ပြိုင်ပွဲဝင်သွားသည်။

ဂျာစီ နံပါတ် ၅၈၈ကို ဝတ်ဆင်ကာ အပြာရောင်ပြေးလမ်း အမှတ်(၄)ပေါ်တွင် ပြုံးရွှင်ပေ့ါပါးစွာဖြင့် နေရာယူထားသော ဘို့ကို ထိုင်ခုံ ၆၆၄၂၂ ရှိ ဒေဂူအားကစားရုံကြီး တစ်ခုလုံးမှ ပရိသတ်များက တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်ရှုနေခဲ့ကြပြီး စတင်တာလွှတ်လိုက်သည်နှင့် တစ်ခဲနက် အားပေးခဲ့ကြသည်။ ဘို့သည် မီတာ ၁၀၀ ကို ၁၀ ဒသမ ၁၀ စက္ကန့်ဖြင့် သက်သောင့်သက်သာပြေးကာ လူရွေးချယ်ခံခဲ့ရသော်လည်း ၎င်း၏ အကောင်းဆုံးစံချိန်မှာ ၉ ဒသမ ၈၈ စက္ကန့်ဖြစ်သည်။

အူစိန်ဘို့သည် ယနေ့ (တနင်္ဂနွေနေ့) ညပိုင်းတွင် ကျင်းပသည့် အမျိုးသား မီတာ ၁၀၀ ကမ္ဘာ့ချန်ပီယံအပြေး ဗိုလ်လုပွဲတွင် တာထွက်အမှားကြောင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံလိုက်ရသည်။ ဘို့၏ အသင်းဖော် ဂျမေကာမှ ယိုဟန်ဘလိတ်က ၉ ဒသမ ၉၂ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ အမေရိကန်မှ ၎င်း၏ပြိုင်ဘက် ဝေါ်လ်တာဒစ်က်စ်က ၁၀ ဒသမ ၀၈ စက္ကန့်ဖြင့် ငွေတံဆိပ်၊ စိန့်ကစ်နှင့် နီဗစ်ကျွန်းနိုင်ငံမှ ကင်မ်ကောလင်းစ်က ၁၀ ဒသမ ၀၉ စက္ကန့်ဖြင့် ကြေးတံဆိပ်တို့ကို ဆွတ်ခူးသည်။

ဇင်ထူး

တောင်အာဖရိကမှ ခြေနှစ်ဖက်ပြတ် အပြေးသမား အော်စကာပစ္စထရီးယပ်စ်။

ကားလင်းဖလား တတိယအဆင့် ပွဲစဉ်များ ပေါ်ထွက်

လန်ဒန် ဩဂုတ် ၂၈

အင်္ဂလန်နိုင်ငံ၏ ပြည်တွင်းပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ကားလင်းဖလား တတိယအဆင့် ပွဲစဉ်များ ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

ထိုတတိယအဆင့်တွင် ပရီမီယာလိဂ်အသင်းများ ရင်ဆိုင်ရမည့် အသင်းများမှာ နော့တင်ဟမ်ဖောရက်စ်-နယူးကာဆယ်၊ ဝုလ်ဗာဟမ်တန် - မီလ်ဝေါလ်၊ မန်စီးတီး-ဘာမင်ဂမ်၊ ချယ်လ်ဆီး-ဖူလ်ဟမ်၊ ဘလက်ဘန်း-လေတန်အောရင့်/ဘရစ္စတိုး၊ အာဆင်နယ်-ရှရူးဘူရီတောင်း၊ အဲဗာတန်-ဝက်စ်ဘရွန်း၊ လိဒ်ယူနိုက်တက်-မန်ယူ၊ ဗီလာ-ဘော်လ်တန်၊ ဘရိုက်တန်-လီဗာပူးနှင့် စတုတ်စီးတီး-စပါးတို့ပင် ဖြစ်သည်။ အင်တာနက်။